| | ၂၀ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၅,၃၀၃.၈၇၅ | ၂၁,၂၇၀.၉၃၃ | -၁၅,၉၆၇.၀၅၈ | ၁၃,၂၇၉.၁၉၉ | ၂၉,၀၀၄.၆၆၈ | -၁၅,၇၂၅.၀၆၉ | ၂၅၀.၃၈% | ၁၃၆.၃၆% |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၃၈,၃၀၂.၇၁၄ | ၆,၅၉၉.၀၇၁ | +၃၁,၇၀၃.၆၄၃ | ၇,၇၁၁.၁၄၅ | ၄,၆၃၉.၉၆၈ | +၃,၀၇၁.၁၇၇ | ၂၀.၁၃% | ၇၀.၃၀% |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၁,၂၂၃.၂၂၂ | -၁,၂၂၃.၂၂၂ | ၂.၇၉၉ | ၅၃၂.၀၂၈ | -၅၂၉.၂၂၉ | | ၄၃.၄၉% |
| | | စုစုပေါင်း | ၆,၁၇၅,၄၆၉.၇၆၉ | ၄,၉၉၈,၀၄၃.၅၆၄ | +၁,၁၇၇,၄၂၂.၂၀၅ | ၅,၂၀၃,၇၇၈.၁၅၀ | ၄,၄၁၀,၈၂၈.၈၀၆ | +၇၉၂၉၄၉.၃၄၄ | ၈၄.၂၇% | ၈၈.၂၅% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | **ဝန်ကြီးဌာန၊ဦးစီးဌာနများ** | | | | | | | | |
| ၁ | နိုင်ငံခြားရေး | ၄၄.၆၁၈ | ၃,၀၅၆.၃၈၅ | -၃,၀၁၁.၇၆၇ | ၄၉၂.၇၃၃ | ၂,၇၆၃.၃၉၅ | -၂,၂၇၀.၀၂၂ | ၁၁၀၃.၅၃% | ၉၀.၄၁% |
| ၂ | သမ္မတရုံး | | | | | | | | |
| ၃ | ပြည်ထဲရေး | ၅၀၁.၃၉၉ | ၈၀,၃၆၇.၇၉၀ | -၇၉,၈၆၆.၃၉၁ | ၇၁၇.၈၄၃ | ၇၃,၀၀၅.၆၁၈ | -၇၂,၂၈၇.၇၇၅ | ၁၄၃.၁၇% | ၉၀.၈၄% |
| ၄ | ကာကွယ်ရေး | | ၈၀၁,၅၇၀.၂၃၆ | -၈၀၁,၅၇၀.၂၃၆ | | ၁,၀၄၈,၄၇၉.၁၄၅ | -၁,၀၄၈,၄၇၉.၁၄၅ | | ၁၃၀.၈၀% |
| ၅ | နယ်စပ်ရေးရာ | ၀.၂၀၀ | ၂၄.၇၅၈.၁၃၈ | -၂၄.၇၅၇.၉၃၈ | ၀.၀၆၀ | ၇၁,၈၆၇.၃၀၇ | -၇၁,၈၆၇.၂၄၇ | ၃၀.၀၀% | ၂၉၀.၂၈% |
| ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၅၅.၄၉၉ | -၅၅.၄၉၉ | | ၇၈.၇၅၇ | -၇၈.၇၅၇ | | ၁၄၁.၉၁% |
| ၇ | ပြန်ကြားရေး | ၄၀၀.၂၅၄ | ၃,၃၅၆.၃၀၂ | -၂,၉၅၆.၀၄၈ | ၃၉၃.၈၆၄ | ၄.၅၇၅.၃၀၆ | -၄,၁၈၁.၄၄၂ | ၉၈.၄၀% | ၁၃၆.၃၂% |
| ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၂၈,၃၈၈.၈၉၀ | ၅,၁၃၁.၈၂၈ | +၂၃,၂၅၇.၀၆၂ | ၈,၃၈၈.၈၉၀ | ၅,၀၁၆.၇၃၃ | +၃,၃၇၂.၁၅၇ | ၂၉.၅၅% | ၉၇.၇၆% |
| ၉ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၁၅,၈၀၉.၈၅၀ | ၂၆၂,၂၆၃.၇၆၀ | -၂၄၆,၄၅၃.၉၁၀ | ၆,၅၈၃.၇၁၆ | ၂၁၈,၂၀၉.၁၇၆ | -၂၁၁,၆၂၅.၄၆၀ | ၄၁.၆၄% | ၈၃.၂၀% |
| ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃,၁၉၆.၇၃၅ | ၄၇.၅၄၆.၂၇၆ | -၄၄.၃၄၉.၅၄၁ | ၄.၉၃၇.၇၅၈ | ၄၀.၉၁၉.၁၄၉ | -၃၅.၉၈၁.၃၉၁ | ၁၅၄.၄၆% | ၈၆.၀၆% |
| ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၅,၁၅၅.၂၆၈ | ၂၀,၇၅၃.၇၀၈ | -၁၅,၅၉၈.၄၄၀ | ၄,၆၃၉.၄၀၆ | ၁၅,၁၇၅.၇၇၀ | -၁၀,၅၃၆.၃၆၄ | ၈၉.၉၉% | ၇၃.၁၂% |
| ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၇,၆၀၇.၀၃၇ | ၂၉၁,၂၂၉.၆၉၂ | -၂၈၃,၆၂၂.၆၅၅ | ၅.၉၄၈.၃၁၆ | ၂၀၇,၀၂၃.၉၁၆ | -၂၀၁,၀၇၅.၆၀၀ | ၇၈.၁၉% | ၇၁.၀၉% |
| ၁၃ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၀.၀၁၈ | ၂,၀၃၄.၈၀၄ | -၂,၀၃၄.၇၈၆ | ၀.၀၅၇ | ၂,၈၄၀.၅၃၄ | -၂,၈၄၀.၄၇၇ | ၃၁၆.၆၇% | ၁၃၉.၆၀% |
| ၁၄ | စက်မှု | ၁၃၀.၂၇၃ | ၃,၁၈၇.၅၄၆ | -၃,၀၅၇.၂၇၃ | ၃၂၅.၀၉၁ | ၃,၅၇၆.၆၁၁ | -၃,၂၅၁.၅၂၀ | ၂၄၉.၅၅% | ၁၁၂.၂၀% |
| ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂,၄၆၀.၇၂၃ | ၂,၄၉၀.၄၄၂ | -၂၉.၇၁၉ | ၂,၀၄၉.၅၁၄ | ၂,၇၁၁.၆၉၅ | -၆၈၂.၁၈၁ | ၈၃.၂၉% | ၁၀၉.၆၉% |
| ၁၆ | ပညာရေး | ၁၇,၃၇၁.၉၃၃ | ၂၀၀,၆၉၂.၈၄၃ | -၁၈၃,၃၂၀.၉၁၀ | ၃,၃၀၈.၀၄၅ | ၂၄၈,၄၀၆.၇၂၅ | -၂၄၅,၀၉၈.၆၈၀ | ၁၉.၀၄% | ၁၂၃.၇၇% |
| ၁၇ | ကျန်းမာရေးနှင့်အားကစား | ၇၀,၈၀၅.၆၄၈ | ၂၉၈,၄၉၈.၇၇၂ | -၂၂၇,၆၉၃.၁၂၄ | ၄,၆၆၃.၅၉၇ | ၂၀၃,၄၉၀.၅၄၉ | -၁၉၈,၈၂၇.၉၅၂ | ၆.၅၉% | ၆၈.၁၇% |
| ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၅,၁၁၆.၆၃၉ | ၃၇,၈၇၅.၃၆၁ | -၂၂,၇၅၈.၇၂၂ | ၈,၅၅၃.၄၄၁ | ၂၃,၁၆၄.၆၆၁ | -၁၄,၆၁၁.၂၂၀ | ၅၆.၅၈% | ၆၁.၁၆% |
| ၁၉ | ဆောက်လုပ်ရေး | ၁၅,၁၂၆.၇၉၅ | ၃၄၅,၉၀၆.၃၁၃ | -၃၃၀,၇၇၉.၅၁၈ | ၂၀,၂၄၅.၇၆၃ | ၂၈၁,၈၀၇.၀၂၅ | -၂၆၁,၅၇၀.၂၆၂ | ၁၃၃.၈၄% | ၈၁.၄၇% |
| ၂၀ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | | ၁၀,၃၉၅.၇၃၁ | -၁၀,၃၉၅.၇၃၁ | | ၁၇,၂၃၆.၄၁၁ | -၁၇,၂၃၆.၄၁၁ | | ၁၆၅.၈၀% |
| ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၁၅၁.၇၁၁ | ၁၅၀.၄၂၃ | +၁.၂၈၈ | ၅၇.၅၄၃ | ၃၀.၅၂၀ | +၂၇.၀၂၃ | ၃၇.၉၃% | ၂၀.၂၉% |
| ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၁,၅၇၁.၆၂၆ | -၁,၅၇၁.၆၂၆ | | ၁,၄၁၆.၈၃၄ | -၁,၄၁၆.၈၃၄ | | ၉၀.၁၅% |
| | စုစုပေါင်း | ၁၈၂,၂၆၇.၉၉၁ | ၂,၄၄၂,၈၉၃.၅၁၅ | -၂,၂၆၀,၆၂၅.၅၂၄ | ၇၁,၃၀၅.၂၇၇ | ၂,၄၇၁,၇၈၆.၈၃၇ | -၂,၄၀၀,၄၈၁.၅၆၀ | ၃၉.၁၂% | ၁၀၁.၁၈% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ဝန်ကြီးဌာန၊ဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | | | | | | | | |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | ၄၉.၁၉၂.၃၇၅ | | +၄၉.၁၉၂.၃၇၅ | ၈၈၅.၈၃၄ | | +၈၈၅.၈၃၄ | ၁.၇၉% | |
| | ၄ | ကာကွယ်ရေး | | ၇.၄၆၅.၇၁၂ | -၇.၄၆၅.၇၁၂ | | ၅.၃၄၂.၃၆၃ | -၅.၃၄၂.၃၆၃ | | ၇၁.၅၆% |
| | ၅ | နယ်စပ်ရေးရာ | | | | | | | | |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | | | | | | |
| | ၇ | ပြန်ကြားရေး | | | | | | | | |
| | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | | | | | | | | |
| | ၉ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၂၁၉,၁၈၇.၆၈၂ | ၅၂,၉၃၃.၇၀၈ | +၁၆၆,၆၅၃.၉၇၄ | ၁၈၁,၃၅၅.၆၈၈ | ၄၆,၀၄၂.၂၂၁ | +၁၃၅,၃၁၃.၄၆၇ | ၈၂.၅၉% | ၈၆.၉၈% |
| | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၀,၃၅၂.၂၀၇ | ၂.၇၁၄.၈၀၆ | +၁၇,၆၃၇.၄၀၁ | ၆,၂၀၈.၁၉၆ | ၂.၆၆၆.၇၂၀ | +၃,၅၄၁.၄၇၆ | ၃၀.၅၀% | ၉၈.၂၃% |
| | ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | ၃၀.၀၀၀ | | +၃၀.၀၀၀ | | |
| | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၁၂၀.၁၄၉.၂၀၉ | ၂၁.၇၉၁.၂၄၈ | +၉၈.၃၅၇.၉၆၁ | ၄၅.၈၆၄.၁၇၃ | ၁၆,၅၇၁.၆၇၂ | +၂၉.၂၉၂.၉၀၁ | ၃၈.၀၅% | ၇၆.၀၅% |
| | ၁၃ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | | | | | | | | |
| | ၁၄ | စက်မှု | ၇၄၀.၆၂၅ | | +၇၄၀.၆၂၅ | ၅၃၃.၂၄၉ | | +၅၃၃.၂၄၉ | ၇၂.၀၀% | |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | -၂၉၀.၃၃၆ | | -၂၉၀.၃၃၆ | -၀.၀၀၁ | | -၀.၀၀၁ | | |
| | ၁၆ | ပညာရေး | ၄၈,၀၇၃.၄၇၅ | | +၄၈,၀၇၃.၄၇၅ | ၂၃.၃၀၂.၁၄၄ | | +၂၃.၃၀၂.၁၄၄ | ၄၈.၄၉% | |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၁၇.၇၃၆.၇၆၀ | | +၁၇.၇၃၆.၇၆၀ | ၁၁.၂၆၆.၉၂၀ | | +၁၁.၂၆၆.၉၂၀ | ၆၃.၅၂% | |
| | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၈၁,၀၇၁.၀၂၄ | ၇၀,၆၃၂.၂၄၃ | +၁၀,၄၃၈.၇၈၁ | -၁၇၉.၂၃၉.၆၀၃ | ၆၅.၁၃၀.၃၂၄ | -၂၄၄.၃၆၉.၉၂၇ | | ၉၂.၂၀% |
| | ၁၉ | ဆောက်လုပ်ရေး | ၁၇၁,၀၀၀.၃၂၀ | ၆,၂၉၀.၅၈၉ | +၁၆၄,၇၀၉.၇၃၁ | ၄၂.၂၂၇.၇၇၉ | ၆,၂၉၀.၅၈၉ | +၃၅.၉၃၇.၁၉၀ | ၂၄.၆၉% | ၁၀၀.၀၀% |
| | ၂၀ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | | | | | | | | |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | | | | | | | | |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | | | | | | | |
| | | စုစုပေါင်း | ၇၂၈,၄၁၃.၃၄၁ | ၁၆၁,၈၂၈.၃၀၆ | +၅၆၆,၅၈၅.၀၃၅ | ၁၃၂.၄၄၄.၇၇၉ | ၁၄၂.၀၄၃.၈၈၉ | -၉.၅၉၉.၁၁၀ | ၁၈.၁၈% | ၈၇.၇၇% |

# ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏
# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန် ရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၆,၁၇၅,၄၆၉.၇၆၉ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅,၂၀၃,၇၇၈.၁၅၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၄.၂၇ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၄,၉၉၈,၀၄၇.၅၆၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၄၁၀,၈၂၈.၈၀၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၈.၂၅ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် အရောင်းထိုင်း ကျမ်းစာအုပ်များ အရောင်းသွက်လာခြင်း၊ ပြဌာန်းစာအုပ် (၁၄)မျိုး ရောင်းချငွေများ၊ ပွင့်လင်းရာသီဖြစ်သည့်အတွက် ဖုံ နှင့် ပြတိုက်များသို့ လာရောက်လေ့လာသော နိုင်ငံခြားသား ဧည့်သည်များ များပြားခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ရေယာဉ်ဖြတ်သန်းခရငွေ၊ ရေကြောင်းပြသခ၊ ရပ်နားစောင့်ဆိုင်းခများ ပိုမိုရရှိခြင်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဂြိုလ်တုချန်နယ် ငှားရမ်းခရငွေများရရှိခြင်း၊ စက်မှုဝန်ကြီးဌာနတွင် လူမှုဖူလုံရေး အကျိုးခံစားခွင့်ရငွေ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများမှ ပေးသွင်းသည့် လိုင်စင်ခ၊ မှတ်ပုံတင်ခ၊ မြေနှင့်အဆောက်အဦငှားရမ်းခ၊ ဘွိုင်လာစစ်ဆေးခ၊ လျှပ်စစ် စစ်ဆေးခ နှင့် ဝင်းသူဇာအရောင်းဆိုင် အဆောက်အဦ ငှားရမ်းခရငွေများ ပိုမိုရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် လုပ်ငန်းကြီးကြပ်ခ ရငွေများ၊ ရန်ကုန်-မန္တလေးလမ်းမှ လမ်းအသုံးပြုခ ကောက်ခံရငွေများ၊ မြေနှင့်အဆောက်အဦ ငှားရမ်းခရငွေများ၊ ပုံဆွဲ/ ပုံထုတ်လုပ်ခနှင့် အရည်အသွေး စစ်ဆေးခများ၊ (BOT) လေလံရငွေများနှင့် တံတားလေလံကြေးရငွေများ ပိုမိုရရှိခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် အိမ်တွင်းမှု သက်မွေးပညာ သင်တန်းကျောင်းမှ သင်တန်းကြေးနှင့် လျှောက်လွှာရောင်းရငွေများ ရရှိခြင်းနှင့် UNICEF နှင့် UNFPA အဖွဲ့အစည်းများမှ ထောက်ပံ့ငွေများ ပိုမိုရရှိခြင်း တို့ကြောင့် ပိုမိုရခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် နိုင်ငံကူး လက်မှတ်သက်တမ်းတိုးခြင်းမှ ရငွေများနှင့် ပျောက်ဆုံး/ ပျက်စီးမှုအတွက် ဒဏ်ကြေးများ အပြည့်အဝမရရှိခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် မြေနှင့် အဆောက်အဦငှားရမ်းခရငွေများ လျော့နည်းခြင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနတွင် သဘာဝဓါတ်ငွေ့အတွက်နှုန်းနှင့် ဈေးနှုန်းကျဆင်းခြင်း တို့ကြောင့် အခွန်အကောက်ရငွေလျော့နည်းရခြင်းနှင့် ရွှေစွမ်းအင်ကုမ္ပဏီမှ စေ့ရောက်သော အတိုးပေးသွင်းမှုမရှိခြင်းကြောင့် အတိုးရငွေ လျော့နည်း ရရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေ များလျော့နည်းရရှိခြင်း၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် Golden Triangle၊ Victoria Entertainment ၊ Peral Laguna Hotel များနှင့် သီရိမြိုင်၊ ကျိုက်ထို၊ Myanmar Shopping Mall ၊ The LOFT Hotel ၊ လက်ခုပ်ကုန်းဟိုတယ်များသည် ကြွေးကျန်များ ပေါ်ပေါက်နေပါ၍ ရငွေများ လျော့နည်းရရှိခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု ။** နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ပြောင်းရွှေ့ ဝန်ထမ်းများ များပြားလာခြင်း၊ စုပုံရိက္ခာဝယ်ယူခြင်း၊ ဓါတ်ဆီ၊ စက်ဆီ ဈေးနှုန်းမြင့်တက်လာခြင်းနှင့် အစည်းအဝေးအခမ်းအနား ညှိခံစရိတ် များပြားလာခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် အခြားဦးစီးဌာနများမှ ဝန်ထမ်း များပြောင်းရွှေ့လာခြင်း၊ ပြည်တွင်းခရီးစရိတ်နှင့် နိုင်ငံခြားသွား ကိုယ်စား လှယ်စရိတ်များပိုမိုသုံးစွဲရခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ ခန့်မှန်းသည်ထက် ပိုမိုဝယ်ယူရခြင်း၊ လက်ဆောင်ပေးခြင်းနှင့် အလှူဒါနအသုံးစရိတ်များ ပိုမို သုံးစွဲခြင်းနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲများ ပိုမိုကျင်းပရခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ၊ နေရပ်စွန့်ခွာသူများအား ထောက်ပံ့ပေးရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် အရာထမ်း/ အမှုထမ်းများ အလှည့်ကျသွား ရောက်တာဝန်ထမ်းဆောင်ရခြင်းကြောင့် ခရီးစရိတ် ပိုမိုသုံးစွဲရခြင်း၊ မော်တော်ယာဉ်ပြင်ဆင်စရိတ်နှင့် အဆောက်အဦပြင်ဆင်ထိန်းသိမ်းစရိတ် များ သုံးစွဲမှုများပြားခြင်း၊ ပညာပေးသင်တန်းများပိုမိုဖွင့်လှစ်ခြင်း၊ သဘာဝ ဘေးဖြစ်ပွားခဲ့သော ဒေသများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူ ရခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် ခရီးသွားလာစရိတ်၊ပစ္စည်းများဝယ်ယူခြင်း ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့်လုပ်အားခ အသုံးစရိတ်များလျော့နည်းသုံးစွဲခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ဝန်ထမ်းသစ်များ လျာထားသည့်အတိုင်း ခန့်အပ်နိုင်မှုမရှိခြင်းနှင့် နိုင်ငံခြားသွားကိုယ်စားလှယ်စရိတ်များ လျာထားချက်ထက် လျော့နည်းသုံးစွဲခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် နိုင်ငံတော်စရိတ်ဖြင့် ပြည်ပသို့ ကိုယ်စားလှယ်သွားရောက်မှုနည်းပါးခြင်း၊ အစည်းအဝေးပွဲများ၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲများနည်းပါးခြင်း၊ အရေးပေါ်ရန်ပုံငွေစာရင်းတွင် သုံးစွဲသည့်ဌာနများတွင်သာ စာရင်းရေးသွင်းမည်ဖြစ်ခြင်း၊တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနများအနေဖြင့် နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) အချိုးအတိုင်း မတ်လအတွက် ပေးချေရမည့် အခွန်အရပ်ရပ်ဝေစုများကိုတွက်ချက်ရန် အခွန်အရပ်ရပ်ကောက်ခံရ ကိန်းဂဏန်းများရရှိခြင်း မရှိသေးပါသဖြင့် မတ်လအတွက် အခွန်ဝေစု ပေးချေနိုင်မှုမရှိခြင်း၊ Kfw ထောက်ပံ့ငွေ မရရှိသဖြင့် သမဝါယမဘဏ်သို့ ထောက်ပံ့ပေးနိုင်မှုမရှိခြင်း၊ Budget Support အတွက် European United ထောက်ပံ့ငွေနှင့် ကမ္ဘာ့ဘဏ်ချေးငွေများ မရရှိခြင်းတို့ကြောင့် အသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိခြင်း၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ဝန်ထမ်းသစ်များ ခန့်အပ်နိုင်မှုမရှိခြင်း၊ ADB အကူအညီရငွေမှ အသုံးစရိတ်များလျာထားသည့်အတိုင်း သုံးစွဲနိုင်မှုမရှိခြင်းနှင့် BIMSTEC နှင့် MRA (Mutual Recognition Arrangement on Tourism Professionals) အဖွဲ့အစည်းများသို့ ထည့်ဝင်ကြေးများပေးချေရန် လျာထားသော်လည်း တောင်းခံလာမှု မရှိသေးခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် ဝန်ထမ်းသစ်များ ခန့်အပ်နိုင်မှုမရှိခြင်းနှင့် ပထမ(၆)လပတ်ပေးပို့စဉ်က (၅)လ အမှန် (၁)လ ခန့်မှန်းစာရင်းဖြင့် ပေးပို့ခဲ့သဖြင့် ဒုတိယ(၆)လပတ်တွင် စာရင်းပြန်လည်ညှိနှိုင်းရေးဆွဲထားခြင်းတို့ကြောင့် လျာထားချက်ထက်လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၁၈၂,၂၆၇.၉၉၁ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇၁,၃၀၅.၂၇၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၃၉.၁၂ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၂,၄၄၂,၈၉၃.၅၁၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု

ကျပ် ၂,၄၇၁,၇၈၆.၈၃၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၁.၁၈ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် မြန်မာသံရုံး၊ ဘန်ကောက်မြို့ရှိ သံရုံးအဆောက်အဦသစ်တွင်အသုံးပြုရန် သံရုံးဆောက်လုပ်ခဲ့သည့်ကုမ္ပဏီမှ စက်ကိရိယာ၊ ပရိဘောဂများ လှူဒါန်းခဲ့ခြင်းကြောင့် အကူအညီရငွေပိုမိုရရှိခြင်း၊ပြည်ထဲရေးဝန်ကြီးဌာနတွင် ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့မှ ထောက်ပံ့သည့် အကူအညီရငွေ အပြည့်အဝရရှိခြင်း၊ စက်မှုဝန်ကြီးဌာနတွင် စက်မှုသင်တန်းကျောင်း ဆင်တဲနှင့် ပခုက္ကူအတွက် အိန္ဒိယအကူအညီဖြင့် ရရှိသည့် စက်ပစ္စည်းအစိတ်အပိုင်းများနှင့် သင်ထောက်ကူပစ္စည်းများရရှိခြင်းကြောင့် ပြည်ပအကူအညီရငွေပိုမိုရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် အဆောက်အဦဟောင်း ဖျက်သိမ်းရောင်းချရငွေများ၊ အကျိုးတူဆောင်ရွက်သော အိမ်ရာစီမံကိန်းများမှ တိုက်ခန်းတန်ဖိုးများပေးသွင်းခြင်း၊ ဂျပန်အကူအညီဖြင့် ဆောင်ရွက်မည့် ကချင်နှင့်ချင်းပြည်နယ်လမ်း အဆင့်မြှင့်တင်ခြင်းအတွက် စက်၊ ယာဉ်၊ ယန္တရားများအား ဒုတိယ(၆)လပတ်တွင်သာဝယ်ယူနိုင်ခြင်းနှင့် သာကေတ တံတားစီမံကိန်းအတွက် Consultant Fee ပေးချေခြင်းများကြောင့် ပြည်ပအကူအညီရငွေ ပိုမိုရရှိခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ပဒုမ္မာဇာတ်ရုံမြေနှင့် အဆောက်အဦ ရောင်းချထားခြင်းများအတွက် ပေးသွင်းရမည့်ငွေများမှာ စာချုပ်အရ ၃/၂၀၁၈ လအတွက် နောက်ဆုံးထားပေးသွင်းရမည် ဖြစ်သော်လည်း လျော့နည်းပေးသွင်းလာခြင်းကြောင့် ရငွေလျော့နည်းရရှိခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် ဌာနပိုင်ထွန်စက်ကြီးအဟောင်းများ ရောင်းချရာတွင် တောင်သူများ ဝယ်ယူမှုနည်းပါးခြင်း ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်China (CNPC)အဖွဲ့မှ ငွေရရှိသော်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့် ပြည်ပအကူအညီရငွေ လျော့နည်းရရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ရန်ကုန်နည်းပညာတက္ကသိုလ်တွင်(JICA)မှ လှူဒါန်းသည့် အဆောက်အဦ(၂)လုံး၏ ပြီးစီးမှုမှာ ခန့်မှန်းသည်ထက် လျော့နည်း၍ Claim Bill တောင်းခံလာမှုမရှိခြင်း၊ နည်းပညာတက္ကသိုလ်(ICT)၊ လက်တွေ့ခန်းသုံး၊ စာသင်ခန်းသုံး သင်ထောက်ကူပစ္စည်းများနှင့် Data Center ချိတ်ဆက်မှုများ

ဆောင်ရွက်ရန် အိန္ဒိယအစိုးရ၏ တာဝန်ခံတက္ကသိုလ် ဖြစ်သော IIITB (International Institute Information Technology Bangalore) မှ အသုံးစရိတ်စာရင်းပေးပို့ထားသော်လည်း သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်း သုံးစွဲနိုင်မှုမရှိ၍ ငွေစာရင်းမတင်နိုင်ခြင်းကြောင့် ပြည်ပအကူအညီရငွေ လျော့နည်းရရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းနှင့် စက်ပစ္စည်းဝယ်ယူခြင်းလုပ်ငန်း တို့အတွက် ပြည်ပအကူအညီရငွေ လျာထားသည့်အတိုင်းမရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း(MDI) တည်ထောင်ရေးစီမံကိန်းမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ PFM Learning Center နှင့် Training Center အတွက် လိုအပ်သော စက်ပစ္စည်းနှင့်ပရိဘောဂများ ဝယ်ယူနိုင်မှုမရှိခြင်းနှင့် PFM Project အတွက် အသုံးစရိတ်များမှာ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ အစီအမံဖြင့် သုံးစွဲရခြင်းတို့ကြောင့် ပြည်ပအကူအညီရငွေလျော့နည်းရရှိခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေမှ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားသည့် မော်လမြိုင် ဈေးဆောက်လုပ်ခြင်းနှင့် ထုတ်ကုန်ဌာန တည်ဆောက်ရေးစီမံကိန်းအတွက် မြေနေရာမှာ မွန်ပြည်နယ် အစိုးရအဖွဲ့မှ လွှဲပြောင်းဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် ရငွေများလျော့နည်းခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် ပထမ (၆)လပတ်တွင် သုံးစွဲရန်လျာထားသော အဆောက်အဦးလုပ်ငန်းများနှင့် စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများကို ဒုတိယ(၆)လပတ်တွင် သုံးစွဲခဲ့ခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများအား အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် ရုံးသုံးယာဉ်များတွင် အသုံးစရိတ်များ ပေးချေနိုင်ခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများအား ပထမ (၆)လပတ်အတွင်း ဝယ်ယူနိုင်မှုမရှိဘဲ ဒုတိယ(၆)လပတ် အတွင်းမှသာ ဝယ်ယူခဲ့ခြင်း၊ မော်တော်ယာဉ်ပြင်ဆင်ခြင်းများကိုလည်း ဒုတိယ(၆)လပတ်မှသာ ပြင်ဆင်နိုင်ခဲ့ခြင်း၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် ပထမ(၆)လပတ်တွင် သုံးစွဲရန်လျာထားသော်လည်း သတ်မှတ် စံနှုန်းမပြည့်မီသည့်အတွက်

ဒုတိယ(၆)လပတ် ကာလအတွင်းမှသာ ငွေပေးချေရခြင်း၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဒုတိယ(၆) လပတ် အတွင်းသာ အဆောက်အဦကန်ထရိုက်များ ထုတ်ပေးခဲ့ရခြင်း၊ လုပ်ငန်းစီမံကိန်းသစ်များအတွက် အဆောက်အဦ ဦးစီးဌာနသို့ ရန်ပုံငွေများ ပေးချေခဲ့ရခြင်း၊ IRM အစီအစဉ်အောက်မှ ဝယ်ယူသောပစ္စည်းများအတွက် UNOPS သို့ ပေးချေရမည့် လိုငွေအတွက် ပေးချေခဲ့ရခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သော စီမံကိန်းများအတွက် အသုံးစရိတ်များလျော့နည်းခြင်း၊ စိုက်ခင်းများတွင် ပန္နက်ပြောင်းလဲဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာများဝယ်ယူရာတွင် တင်ဒါဈေးနှုန်းများ သက်သာခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် နိုင်ငံခြားငွေ၊ ပြည်တွင်းကျပ်ငွေများဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူထားသော ဓါတ်အားခွဲရုံများနှင့် ဓါတ်အားလိုင်းပစ္စည်းများကို ကုမ္ပဏီများမှ ပစ္စည်းများပေးသွင်းနိုင်မှုမရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တင်ဒါတင်သွင်းသော လုပ်ငန်းတန်ဖိုးများ လျော့နည်းခြင်း၊ လုပ်ငန်းအချို့မှာ ပြီးစီးမှုရာခိုင်နှုန်းအရသာ ငွေပေးချေရခြင်းနှင့် ပြည်ပအကူအညီရငွေများ လျာထားသည့်အတိုင်းမရရှိခြင်းကြောင့် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် အသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင်မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း(MDI)တည်ထောင်ရေးအတွက် သုတေသနစီမံချက်အဖြစ် လျာထားခဲ့ပြီး လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိခြင်း၊ မြန်မာနေထိုင်မှုအခြေအနေ စစ်တမ်းကောက်ယူခြင်း၊ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အရေအတွက်နှင့် အရည်အသွေးဆိုင်ရာစစ်တမ်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်ဆွေးနွေးပွဲအခမ်းအနားများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်လုပ်ငန်း အစည်းအဝေးများအတွက် အသုံးစရိတ်များ စိစစ်သုံးစွဲခဲ့ခြင်းနှင့် မော်တော်ယာဉ် အကြီးစားပြင်ဆင်မှုတွင် အသုံးစရိတ်များ လျော့နည်းပေးချေခဲ့ရခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ADB ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် မော်လမြိုင်ဈေးဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ထုတ်ကုန်ဌာန တည်ဆောက်ရေးစီမံကိန်းအတွက် မြေနေရာမှာ မွန်ပြည်နယ်အစိုးရအဖွဲ့မှ လွှဲပြောင်းရရှိရေး ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ကြွေးမြီရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၇၂၈,၄၁၃.၃၄၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၃၂,၄၄၄.၇၇၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၈.၁၈ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၁၆၁,၈၂၈.၃၀၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၄၂,၀၄၃.၈၈၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၇.၇၇ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် ပိုလန်နိုင်ငံမှ ဝယ်ယူမည့် ခေတ်မီ မီးငြိမ်းသတ်ယာဉ်နှင့် စက်ပစ္စည်းများ မရောက်ရှိသေးခြင်းကြောင့် ကြွေးမြီရငွေလျော့နည်းရရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်မည့် AIRBM Project တွင် Micro Project လုပ်ငန်းများ၊ PMU (၃)ထပ်ဆောင် ဆောက်လုပ်ခြင်း၊ HIC Building ဆောက်လုပ်ခြင်းတို့တွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုလျော့နည်းခြင်းနှင့် Telecom Sector Reform Project အတွက် လုပ်ငန်းသဘာဝအရ သတ်မှတ်ချက်နှင့်ပြည့်စုံမှသာ ပေးချေရခြင်းကြောင့် ခန့်မှန်းထားသည့်အတိုင်း သုံးစွဲနိုင်မှုမရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ချေးငွေဖြင့်ဆောင်ရွက်မည့် ပြည်ပမှဝယ်ယူသည့် စက်ပစ္စည်းများ လျာထားသည့်အတိုင်း ရောက်ရှိနိုင်မှုမရှိခြင်း၊ BOT စနစ်ဖြင့် ဆောင်ရွက်သည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် ချုပ်ဆိုထားသော ချေးငွေစာချုပ်အရ ချေးငွေအပေါ် အရင်းကို ရွှေစွမ်းအင်ကုမ္ပဏီမှ အပြည့်အဝပေးသွင်းနိုင်မှုမရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် အခြေခံပညာအလယ်တန်းအဆင့် သင်ရိုးညွှန်းတမ်းဆိုင်ရာ ဆွေးနွေးပွဲများအတွက် ADB မှ နည်းပညာအထောက်အပံ့ဖြင့်သာ ဆောင်ရွက်နေရခြင်းနှင့် EYE Project အတွက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆောက်ရေးလုပ်ငန်းများ၏ လုပ်ငန်းပြီးစီးမှုအလိုက် ငွေပေးချေရခြင်းကြောင့် ဒုတိယ(၆)လပတ်အတွင်း ADB ချေးငွေရရှိမှုသည် ခန့်မှန်းသည်ထက် လျော့နည်းနေခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ကမ္ဘာ့ဘဏ်ချေးငွေရရှိရန် လျာထားသော်လည်း အချိန်မီမရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် PFM စီမံကိန်းအတွက် National IT Specialist ၊ National Financial Rules&Regulation Consultants မငှားရမ်းနိုင်ခြင်း၊

ပထမ(၆)လပတ် ရေးဆွဲ စဉ်က (၅)လအမှန် (၁)လခန့်မှန်းစာရင်းဖြင့် ပြုစု ရေးဆွဲခဲ့ရသဖြင့် ဒုတိယ(၆) လပတ်တွင် စာရင်းပြန်လည်ညှိနှိုင်းရခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ချေးယူရငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများကို စိစစ်ပြီး ခန့်မှန်းခြေတန်ဖိုး လျော့နည်းသွားသဖြင့် လုပ်ငန်းတန်ဖိုးလျော့နည်းသွားခြင်း၊ အချို့လုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ အရည်အသွေးစစ်ဆေးရာတွင် အချို့လုပ်ငန်း အပိုင်းများမှာ စံချိန်စံညွှန်း မပြည့်မီသဖြင့် ငွေပေးချေမှုမပြုရသေးခြင်း၊ လုပ်ငန်းစတင်ချိန် နောက်ကျသဖြင့် ချေးငွေ ရယူနိုင်ခြင်းမရှိသောကြောင့် လျာထားချက်ထက်လျော့နည်းရခြင်း။

(၂) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် အိန္ဒိယချေးငွေ၊ ဂျပန်ချေးငွေနှင့် တရုတ်ချေးငွေ လွှဲပြောင်းမှုအတွက် ပေးဆပ်ရာတွင် ငွေလဲလှယ်နှုန်းပြောင်းလဲခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် Korea, EDCF,CDB ချေးငွေ၊ India, Kfw ၊ ဂျာမဏီချေးငွေများကို ပြန်လည်ပေးဆပ်ရာတွင် Exchange Rate ကွာဟမှုကြောင့် လျော့နည်းရခြင်း၊ သူဌေးစီမံကိန်းနှင့် အထက်ကျိုင်းတောင်း စီမံကိန်းများအတွက် ချေးငွေသက်တမ်းကုန်ဆုံးခဲ့သဖြင့် ပြည်ပချေးငွေ ထုတ်ယူနိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ဒုတိယ(၆)လပတ်လျာထားချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်၍ တွေ့ရှိသုံးသပ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရငွေအပိုင်းတွင် သာမန်ရငွေရရှိမှု ၈၄.၂၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း ရငွေရရှိမှု ၃၉.၁၂ ရာခိုင်နှုန်း ၊ ကြွေးမြီရငွေရရှိမှု ၁၈.၁၈ ရာခိုင်နှုန်း ဖြစ်၍ စုစုပေါင်းရငွေရရှိမှု ၇၆.၃၁ ရာခိုင်နှုန်းဖြစ်သဖြင့် သာမန်ရငွေပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေပိုင်းနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ထက် လျော့နည်းရရှိကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၈.၂၅ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၁၀၁.၁၈ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၈၇.၇၇ ရာခိုင်နှုန်း ဖြစ်၍ စုစုပေါင်းအသုံးစရိတ် ၉၂.၄၀ ရာခိုင်နှုန်း ဖြစ်သဖြင့် သာမန်အသုံးစရိတ်ပိုင်းနှင့် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက်ကို အနည်းငယ်ကျော်လွန်သုံးစွဲထားကြောင်း တွေ့ရှိရပါသည်။

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၄၄,၂၇၅.၄၀၂ | ၁၄,၈၅၁.၇၆၀ | +၂၉,၄၂၃.၆၄၂ | ၄၇,၁၀၄.၅၁၆ | ၉,၈၁၃.၀၁၁ | +၃၇,၂၉၁.၅၀၅ | ၁၀၆.၃၉% | ၆၆.၀၇% |
| | | စုစုပေါင်း | ၄၄,၂၇၅.၄၀၂ | ၁၄,၈၅၁.၇၆၀ | +၂၉,၄၂၃.၆၄၂ | ၄၇,၁၀၄.၅၁၆ | ၉,၈၁၃.၀၁၁ | +၃၇,၂၉၁.၅၀၅ | ၁၀၆.၃၉% | ၆၆.၀၇% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၄၄,၂၇၅.၀၀၀ | ၁၂,၅၄၀.၀၈၇ | +၃၁,၇၃၄.၉၁၃ | ၄၇,၁၀၄.၄၈၃ | ၈,၁၇၁.၀၉၀ | +၃၈,၉၃၃.၃၉၃ | ၁၀၆.၃၉% | ၆၅.၁၆% |
| | | စုစုပေါင်း | ၄၄,၂၇၅.၀၀၀ | ၁၂,၅၄၀.၀၈၇ | +၃၁,၇၃၄.၉၁၃ | ၄၇,၁၀၄.၄၈၃ | ၈,၁၇၁.၀၉၀ | +၃၈,၉၃၃.၃၉၃ | ၁၀၆.၃၉% | ၆၅.၁၆% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၀.၄၀၂ | ၂,၃၁၁.၆၇၃ | -၂,၃၁၁.၂၇၁ | ၀.၀၃၃ | ၁၆၄၁.၉၂၁ | -၁၆၄၁.၈၈၈ | ၈.၂၁% | ၇၁.၀၃% |
| | | စုစုပေါင်း | ၀.၄၀၂ | ၂,၃၁၁.၆၇၃ | -၂,၃၁၁.၂၇၁ | ၀.၀၃၃ | ၁,၆၄၁.၉၂၁ | -၁,၆၄၁.၈၈၈ | ၈.၂၁% | ၇၁.၀၃% |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၄၄,၂၇၅.၀၀၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၇,၁၀၄.၄၈၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း၁၀၆.၃၉ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ (၆)လပတ်လျာထားချက် ကျပ် ၁၂,၅၄၀.၀၈၇ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၈,၁၇၁.၀၉၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၅.၁၆ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါ အတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အကျုံးဝင်မှတ်ပုံတင်သည့် အလုပ်ဌာနတိုးတက်ခြင်း၊အလုပ်ဌာနများမှ အာမခံအလုပ်သမားဦးရေတိုးတက်လာခြင်း၊ မှတ်ပုံတင်ပြီး အာမခံအလုပ်သမားများမှ လစဉ်အမှန်ဝင်ငွေဖြင့် ထည့်ဝင်ကြေးပေးသွင်းခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ၊ ကွန်ပျူတာအခြေခံသင်တန်းများဖွင့်လှစ်ရန်လျာထားသော်လည်း သတ်မှတ်လျာထားချက်အတိုင်း ဖွင့်လှစ်နိုင်မှုမရှိခြင်း၊ ဆေးရုံကြီးများနှင့် ဆေးခန်းများအတွက် လိုအပ်သောဆေးဝါးများအား ခန့်မှန်းသည့်အတိုင်း ဝယ်ယူနိုင်မှုမရှိခြင်း၊ အာမခံအလုပ်သမားများအတွက် အကျိုးခံစားခွင့်များ ထုတ်ပေးရန် ခန့်မှန်းတွက်ချက်ထားသည့် အသုံးစရိတ်များသည် မမျှော်မှန်းနိုင်သည့် အသုံးစရိတ်များဖြစ်ခြင်း၊ အာမခံထားသူများ၊ မှတ်ပုံတင်ခြင်း ကုန်ကျစရိတ်များအတွက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်နေရပြီး လုပ်ငန်းစတင်ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ (၆)လပတ် လျာထားချက် ကျပ် ၀.၄၀၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၀.၀၃၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈.၂၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်းတွင် ဒုတိယ (၆)လပတ်လျာထားချက် ကျပ် ၂,၃၁၁.၆၇၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၆၄၁.၉၂၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း

၇၁.၀၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှု အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ပစ္စည်းဟောင်းများ ရောင်းချရငွေ နှင့် စာရင်းစစ်ဆေးချက် အစီရင်ခံစာအရ ပြန်လည်ပေးသွင်းငွေများမှာ မမျှော်မှန်းနိုင်သည့် ရငွေများဖြစ်ခြင်းကြောင့် လျော့နည်းရခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ထန်းတပင် အလုပ်သမားဆေးရုံ ဝန်ထမ်းအိမ်ရာ(ဖ)ခန်းတွဲ (၅)ထပ်ဆောက်လုပ်ခြင်းလုပ်ငန်းသည် သတ်မှတ် ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် တည် ဆောက်ရေးလုပ်ငန်းအချို့ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ဆေးပစ္စည်းကိရိယာ များ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းတွင် အချို့ဆေးပစ္စည်းကိရိယာများမှာ တွဲ၍ ဝယ်ယူရသောပစ္စည်းများဖြစ်ပြီး ကုမ္ပဏီမှ ပစ္စည်းတင်သွင်းမှုမရှိခြင်း နှင့် ရုံးသုံးပရိဘောဂနှင့် အခြားရုံးသုံးပစ္စည်းအချို့ ဝယ်ယူနိုင်မှုမရှိခြင်း တို့ကြောင့် လျော့နည်းရခြင်း။

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၁၀,၅၈၃.၉၅၀ | ၁၄,၈၇၅.၁၄၇ | -၄,၂၉၁.၁၉၇ | ၉,၉၂၅.၆၀၀ | ၁၆,၇၆၅.၇၄၅ | -၆,၈၄၀.၁၄၅ | ၉၃.၇၈% | ၁၁၂.၇၁% |
| | ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | -၃၆,၉၀၇.၉၈၁ | -၂၂,၉၃၀.၇၀၃ | -၁၃,၉၇၇.၂၇၈ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၄၁၃,၆၄၇.၇၁၆ | ၅၀၅,၀၈၃.၉၀၅ | -၉၁,၄၃၆.၁၈၉ | ၂၇၆,၃၇၈.၅၀၂ | ၃၉၂,၄၁၈.၆၀၄ | -၁၁၆,၀၄၀.၁၀၂ | ၆၆.၈၁% | ၇၇.၆၉% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၃၂၀,၀၁၂.၁၄၂ | ၁၉၉,၅၁၆.၈၇၀ | +၁၂၀,၄၉၅.၂၇၂ | ၃၄၄,၀၃၂.၈၆၅ | ၁၈၄,၁၂၈.၈၇၆ | +၁၅၉,၉၀၃.၉၈၉ | ၁၀၇.၅၁% | ၉၂.၂၉% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၂၈၆,၆၂၈.၉၆၇ | ၃,၀၃၄,၅၁၆.၆၇၃ | -၇၄၇,၈၈၇.၇၀၆ | ၂,၇၀၅,၈၈၉.၉၂၅ | ၂,၅၅၉,၉၃၈.၄၄၁ | +၁၄၅,၉၅၁.၄၈၄ | ၁၁၈.၃၄% | ၈၄.၃၆% |
| | ၆ | စက်မှု | ၅၈,၂၀၂.၉၀၃ | ၃၀၂,၆၇၅.၆၇၀ | -၂၄၄,၄၇၂.၇၆၇ | ၇၈,၅၅၀.၃၁၉ | ၂၈၁,၉၃၃.၇၉၄ | -၂၀၃,၃၈၃.၄၇၅ | ၁၃၄.၉၆% | ၉၃.၁၅% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၅၃၂,၁၄၈.၄၅၃ | ၅၉၄,၇၀၄.၀၃၉ | -၆၂,၅၅၅.၅၈၆ | ၄၉၅,၉၈၇.၁၃၁ | ၅၁၃,၆၉၅.၈၅၃ | -၁၇,၇၀၈.၇၂၂ | ၉၃.၂၀% | ၈၆.၃၈% |
| | | စုစုပေါင်း | ၃,၅၈၄,၃၁၆.၁၅၀ | ၄,၆၂၈,၄၄၁.၆၀၀ | -၁,၀၄၄,၁၂၅.၄၅၁ | ၃,၉၁၀,၇၆၄.၃၄၂ | ၃,၉၄၈,၈၈၁.၃၁၃ | -၃၈,၁၁၆.၉၇၁ | ၁၀၉.၁၁% | ၈၅.၃၂% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၁၀,၅၈၃.၉၅၀ | ၁၃,၀၀၄.၁၅၄ | -၂,၄၂၀.၂၀၄ | ၉,၉၂၅.၆၀၀ | ၁၄,၈၅၇.၃၆၅ | -၄,၉၃၁.၇၆၅ | ၉၃.၇၈% | ၁၁၄.၂၅% |
| | ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | -၃၀,၀၉၇.၉၈၁ | -၁၆,၁၉၅.၈၀၂ | -၁၃,၉၀၂.၁၇၉ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၀၅,၀၂၆.၀၇၈ | ၁၅၀,၃၈၅.၂၄၃ | +၅၄,၆၄၀.၈၃၅ | ၁၄၇,၃၅၃.၆၆၀ | ၁၄၅,၀၇၃.၀၈၄ | +၂,၂၈၀.၅၇၆ | ၇၁.၈၇% | ၉၆.၄၇% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၃၁၉,၉၇၂.၅၀၈ | ၁၉၉,၂၈၆.၈၁၂ | +၁၂၀,၆၈၅.၆၉၆ | ၃၄၃,၉၉၂.၀၃၈ | ၁၈၃,၉၂၂.၉၅၂ | +၁၆၀,၀၆၉.၀၈၆ | ၁၀၇.၅၁% | ၉၂.၂၉% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၁၀၅,၄၀၁.၅၅၃ | ၂,၆၅၁,၆၁၄.၈၆၇ | -၅၄၆,၂၁၃.၃၁၄ | ၂,၆၄၂,၈၂၈.၅၄၆ | ၂,၃၂၄,၈၄၃.၁၈၃ | +၃၁၇,၉၈၅.၃၆၃ | ၁၂၅.၅၃% | ၈၇.၆၈% |
| | ၆ | စက်မှု | ၅၇,၂၅၄.၅၃၄ | ၉၂,၅၆၂.၄၉၉ | -၃၅,၃၀၇.၉၆၅ | ၇၆,၈၁၀.၅၁၇ | ၈၇,၆၈၁.၅၉၁ | -၁၀,၈၇၁.၀၇၄ | ၁၃၄.၁၆% | ၉၄.၇၃% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၄၅၂,၄၆၉.၄၁၉ | ၅၂၆,၅၈၃.၁၀၃ | -၇၄,၁၁၃.၆၈၄ | ၄၆၈,၅၄၀.၀၁၆ | ၄၈၉,၅၄၇.၈၀၄ | -၂၁,၀၀၇.၇၈၈ | ၁၀၃.၅၅% | ၉၂.၉၇% |
| | | စုစုပေါင်း | ၃,၁၂၀,၆၁၀.၀၆၁ | ၃,၆၁၇,၂၄၀.၈၇၆ | -၄၉၆,၆၃၀.၈၁၅ | ၃,၆၈၉,၄၅၀.၃၇၇ | ၃,၂၄၅,၉၂၅.၉၃၉ | +၄၄၃,၅၂၄.၃၉၈ | ၁၁၈.၂၃% | ၈၉.၇၃% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဥ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၁,၈၇၀.၉၉၃ | -၁၈၇၀.၉၉၃ | | ၁,၉၀၈.၃၈၀ | -၁,၉၀၈.၃၈၀ | | ၁၀၂.၀၀% |
| | ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | | -၉၄.၉၀၁ | +၉၄.၉၀၁ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၄,၉၈၀.၅၈၆ | ၃၃၉,၁၁၅.၈၈၈ | -၃၂၄,၁၃၅.၃၀၂ | ၁၅,၁၅၀.၉၂၄ | ၂၃၃,၄၄၉.၀၇၂ | -၂၁၈,၂၉၈.၁၄၈ | ၁၀၁.၁၄% | ၆၈.၇၆% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၃၉.၆၃၄ | ၂၃၀.၀၅၈ | -၁၉၀.၄၂၄ | ၄၀.၈၂၇ | ၂၀၅.၉၂၄ | -၁၆၅.၀၉၇ | ၁၀၃.၀၁% | ၈၉.၅၁% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၄.၃၇၀ | ၂၅၃,၃၂၂.၆၅၄ | -၂၅၃,၃၁၇.၈၈၄ | ၈၅၇.၉၅၇ | ၁၂၃,၂၂၉.၀၅၇ | -၁၂၂,၃၇၁.၁၀၀ | ၁၇၉၈၆.၅၂% | ၄၈.၆၅% |
| | ၆ | စက်မှု | ၉၄၈.၃၆၉ | ၈၇,၁၃၂.၅၂၉ | -၈၆,၁၈၄.၁၆၀ | ၁,၇၃၉.၈၀၂ | ၇၈,၁၆၆.၀၇၁ | -၇၆,၄၂၆.၂၆၉ | ၁၈၃.၄၅% | ၈၉.၇၁% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃,၂၉၇.၀၅၁ | ၁၈,၁၀၈.၂၈၅ | -၁၄,၈၁၁.၂၃၄ | ၅၈၇.၈၇၂ | ၈,၇၆၂.၄၂၉ | -၈,၁၇၄.၅၅၇ | ၁၇.၈၃% | ၄၈.၃၉% |
| | | စုစုပေါင်း | ၁၉,၂၇၀.၄၁၀ | ၇၀၀,၀၈၅.၅၀၆ | -၆၈၀,၈၁၅.၀၉၆ | ၁၈,၃၇၇.၃၈၂ | ၄၄၅.၇၂၀.၉၃၃ | -၄၂၇.၃၄၃.၅၅၁ | ၉၅.၃၇% | ၆၃.၆၇% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | -၆,၈၁၀.၀၀၀ | -၆,၆၄၀.၀၀၀ | -၁၇၀.၀၀၀ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၉၃,၆၄၁.၀၅၂ | ၁၅,၁၈၂.၇၇၄ | +၁၇၈,၄၅၈.၂၇၈ | ၁၁၃,၈၇၃.၉၁၈ | ၁၃,၈၉၆.၄၄၈ | +၉၉,၉၇၇.၄၇၀ | ၅၈.၈၁% | ၉၁.၅၃% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၁၈၁,၂၂၂.၆၄၄ | ၁၂၉,၅၇၉.၁၅၂ | +၅၁,၆၄၃.၄၉၂ | ၆၂,၂၀၃.၄၂၂ | ၁၁၁,၈၆၆.၂၀၁ | -၄၉,၆၆၂.၇၇၉ | ၃၄.၃၂% | ၈၆.၃၃% |
| | ၆ | စက်မှု | | ၁၂၂,၉၈၀.၆၄၂ | -၁၂၂,၉၈၀.၆၄၂ | | ၁၁၆,၀၈၆.၁၃၂ | -၁၁၆,၀၈၆.၁၃၂ | | ၉၄.၃၉% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၇၆,၃၈၁.၉၈၃ | ၅၀,၀၁၂.၆၅၁ | +၂၆,၃၆၉.၃၃၂ | ၂၆,၈၅၉.၂၄၃ | ၁၅,၃၈၅.၆၂၀ | +၁၁,၄၇၃.၆၂၃ | ၃၅.၁၆% | ၃၀.၇၆% |
| | | စုစုပေါင်း | ၄၄၄,၄၃၅.၆၇၉ | ၃၁၁,၁၁၅.၂၁၉ | +၁၃၃,၃၂၀.၄၆၀ | ၂၀၂,၉၃၆.၅၈၃ | ၂၅၇,၂၃၄.၄၀၁ | -၅၄,၂၉၇.၈၁၈ | ၄၅.၆၆% | ၈၂.၆၈% |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် လျာထားချက်ရငွေ၊သုံးငွေအပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် သာမန်ရငွေအပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၃,၁၂၀.၆၁၀ ဘီလီယံ အနက် ကျပ် ၃,၆၈၉.၄၅၀ ဘီလီယံရရှိခဲ့ပြီး ၁၁၈.၂၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၃,၆၁၇.၂၄၁ ဘီလီယံ အနက် ကျပ် ၃,၂၄၅.၉၂၆ ဘီလီယံ သုံးစွဲခဲ့၍ ၈၉.၇၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေ နှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်–

(၁) **သာမန်ရငွေပိုမိုရရှိမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊မြန်မာ့သစ်လုပ်ငန်းတွင် ယခင်နှစ်ကထုတ်လုပ်ခဲ့သော သစ်လက်ကျန်များရောင်းချခဲ့ခြင်း၊ အိတ်ဖွင့်လေလံ(Open Tender)ဖြင့် ရောင်းချခြင်းကြောင့်ဈေးနှုန်းပိုမိုရရှိခြင်း၊ ဖမ်းဆီးသစ်များလေလံတင်ရောင်းချခြင်းနှင့် ဇလီဖားကြွေးကျန်များရရှိခြင်းကြောင့်ပိုမိုခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ကုမ္ပဏီများက ဓာတ်တိုင်များတွင် Wifi ချိတ်ဆက်မှုကိရိယာပစ္စည်းများ တပ်ဆင်ခြင်းအတွက် ငှားရမ်းခများရရှိခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းသည်ကမ်းလွန်စီမံကိန်းများမှ Gas ရောင်းဈေးနှုန်းများ တိုးမြင့်ခဲ့ခြင်းနှင့် စီအန်ဂျီရောင်းရငွေများ လျာထားချက်ထက် ပိုမိုရောင်းချခဲ့ရခြင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည် တာချီလိတ်နှင့် ကျိုင်းတုံဒေသတို့တွင် ထိုင်းနိုင်ငံပီတီတီ ကုမ္ပဏီနှင့် MPTA တို့မှ စက်သုံးဆီများဝယ်ယူရောင်းချခြင်းနှင့် ငှားရမ်းခရငွေတို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် ကုန်ချောလက်ကျန်များရောင်းချရခြင်း၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် လက်ကျန်ကာယာများ ရောင်းချရခြင်း၊ ကြိုတင်ကုန်ရောင်းရငွေများရရှိခြင်း၊မြေငှားရမ်းခရငွေများရရှိခြင်းတို့ကြောင့် ပိုမိုရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ထုတ်ချေးငွေအပေါ်အတိုးရငွေ၊ ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေ၊ ကော်မရှင်နှင့် ဆောင်ရွက်ခရငွေ၊တောင်သူလယ်သမား

များထံမှချေးငွေ နှစ်ဟောင်း ကြွေးကျန်များ လျာထားသည်ထက် ပိုမိုကောက်ခံရရှိခြင်း၊ အာမခံထားသူများပိုမိုလာခြင်းကြောင့် အာမခံရငွေများ ပိုမိုလာခြင်းနှင့် ငွေစက္ကူရိုက်နှိပ်ခရငွေများ ပိုမိုလာခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း ဖြစ်ပါသည်။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ရထားစီးခရီးသည် စီးနင်းမှုလျော့နည်းခြင်း၊ ကုန်ရထားပြေးဆွဲစင်းရေလျော့နည်းခြင်းနှင့် ကုန်ပစ္စည်းတင်ဆောင်ခြင်း ဝင်ငွေများ လျော့နည်းရရှိခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးတွင် ECC မှ ရရှိသော ယာဉ်များသည် ပြင်ဆင်ဆဲဖြစ်၍ ဝင်ငွေရရှိမှု လျော့နည်းခြင်း၊ ယာဉ်များပျက်၍ အဝေးပြေးလိုင်းများ မပြေးဆွဲရခြင်း၊ အခြေစိုက်အလုပ်ရုံများရှိ သင်တန်းကျောင်းများတွင် သင်တန်းသား ရရှိမှုလျော့နည်းခြင်း၊ ဖောင်ကြီးကြို/ပို့ယာဉ် ငှားရမ်းမှု စီးရေလျော့ နည်းခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် Minimun Guarantee (အနည်းဆုံးအာမခံငွေ)နှင့် အမြတ်ဝေစုတို့(၅)လစာ ရရှိရန် ကျန်နေပြီး၂၀၁၈ခုနှစ်(၆)လအတွက်တွင်မှ ရရှိမည်ဖြစ်သောကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာန ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကုန်ကြမ်းပစ္စည်းများဝယ်ယူရာတွင် ပစ္စည်းများ ပိုမိုရောက်ရှိခဲ့သဖြင့် ငွေပေးချေခဲ့ရခြင်းနှင့်၊ ပင်စင်လစာငွေများ ထုတ်ယူမှုများခဲ့ခြင်းကြောင့် ပိုမိုသုံးစွဲခဲ့ခြင်းဖြစ်ပါသည်။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းသည် ရွှေလီ၊တီကျစ်၊ ပုဂ္ဂလိကရေအားစက်ရုံများမှ ဓာတ်အားဝယ်ယူမှုများ လျာထားယူနစ်များအတိုင်း မပေးချေရခြင်း၊ Gas Engine ငှားရမ်းခများသည် နိုင်ငံခြားငွေဖြင့် ပေးချေရာတွင် နိုင်ငံခြားငွေ လဲလှယ်နှုန်းပြောင်းလဲခြင်း၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကမ်းလွန်စီမံကိန်းအသုံးစရိတ်ဖြစ်သော Cash Call အသုံးစရိတ်တွင် ကြွေးကျန်များကိုသာ ပေးချေရခြင်း၊ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရာတွင် မတ်လအတွက်ကိုခန့်မှန်းတွက်ချက်ပေးချေခဲ့ရခြင်းကြောင့် လျော့နည်းသုံးစွဲခြင်းဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်း ရငွေ၊ သုံးငွေ။** ငွေလုံးငွေရင်းရငွေ၊သုံးငွေတွင်ပြည်ပအကူအညီရငွေနှင့် ကြွေးမြီရငွေများပါ ဆက်စပ်ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ထားဝယ်ဒေသ နှင့် လှိုင်ကော်ဒေသရှိ သတ္တုတွင်းများမှ ဆယ်တင်ပစ္စည်းများ ဖြစ်သော M/S sheets, G/I pipe, M/S pipe, Oil Tank, 2 Slurry Pump ရထားသံလမ်းစသည့် စက်နှင့် ဆက်စပ်ပစ္စည်းများနှင့် အဆောက်အဦအဟောင်း(၅)လုံး လေလံတင်ရောင်းရငွေများရရှိ ခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းသည် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သောအကြံပေးအဖွဲ့သို့ ငွေပေးချေမှုကိစ္စများအား ပထမ(၆)လပတ်တွင် လျာထားခဲ့သော်လည်း ဒုတိယ(၆)လပတ်ရောက်ရှိမှသာ ဆောင်ရွက် ခဲ့ရသဖြင့် ပိုမိုခြင်း၊စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစား စက်မှုလုပ်ငန်းအောက်ရှိ ပျက်စီးနေသော အဆောက်အဦ များလေလံတင် ရောင်းချခြင်း၊ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)တွင် ဒဏ်ကြေး ငွေရရှိခြင်း၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)တွင် Hematite Iron Ore ရောင်းရငွေရရှိခြင်း၊ Stacker & Reclaimer ဝယ်ယူရန် ချုပ်ဆိုထားသော စာချုပ်ရုပ်စဲသဖြင့် စာချုပ်တန်ဖိုး ၁၀% ပြန်လည် ရရှိခြင်းတို့ကြောင့်ရရှိခြင်း၊ ပို့ဆောင်ရေး နှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ပြည်ပအကူအညီရငွေဖြင့် ရန်ကုန် - ပြွန်တန်ဆာလမ်းပိုင်း Operation Control Center (OCC)နှင့် Safety equipment များ တပ်ဆင်ခြင်းလုပ်ငန်းအတွက် စက်ပစ္စည်းများဝယ်ယူခြင်း၊ ယမ်းတန်ဖိုးပေးသွင်းငွေများ၊ လုပ်ငန်းစီမံကိန်းများအတွက် ပိုမိုထုတ်ယူငွေများ ပြန်လည်ပေးသွင်းငွေများရရှိခြင်းတို့ ကြောင့်ပိုမိုရရှိခဲ့သော်လည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ် တွင် Core Banking Solution လုပ်ငန်းများအတွက် ပြည်ပအကူအညီရငွေများ လျာထားချက်အတိုင်း မရရှိသဖြင့် လျော့နည်းရခြင်းဖြစ်ပါသည်။ ငွေလုံးငွေရင်းသုံးငွေတွင် စက်မှုဝန်ကြီးဌာန၊မြန်မာ့ဆေးဝါးလုပ်ငန်းတွင် စက်ပစ္စည်းရောက်ရှိမှုအတွက် ၉၀% သာ ပေးချေခဲ့ပြီး Test Run မဆောင် ရွက်နိုင်သေးခြင်းကြောင့်ကျန်သည့် ၁၀% မပေးချေ နိုင်ခြင်း၊ စက်ပစ္စည်းအချို့ကို မြန်မာကျပ်ငွေဖြင့် ပြောင်းလဲဝယ်ယူခဲ့သဖြင့် အခွန်အခ စရိတ်လျော့နည်းသုံးစွဲခဲ့ခြင်း၊ နိုင်ငံခြားအတိုင်ပင်ခံစရိတ်များ လျော့နည်းပေးချေခဲ့ရခြင်း တို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲခဲ့ခြင်းဖြစ်ပါသည်။ ချေးယူရငွေပိုင်းတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထားတွင် လုပ်ငန်းဆောင်ရွက်မှု

ပြီးစီးမှုအရ ငွေပေးချေရခြင်း၊ တင်ဒါဈေးနှုန်းလျော့ကျခြင်း၊ တင်ဒါများခေါ်ယူနေခြင်း၊ စာချုပ်ချုပ်ဆိုရန်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အချို့ချေးငွေများအတွက် Consultant ငှားရမ်းရန်ဆောင်ရွက်လျက်ရှိခြင်း၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အိန္ဒိယချေးငွေမှာ ဘဏ္ဍာရေးနှစ်အတွင်း အပြည့်အဝမရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် တင်ဒါလုပ်ငန်းစဉ်များ၊ စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းစဉ်များဆောင်ရွက်လျက်ရှိခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေနှင့် ADB ချေးငွေဖြင့် ဝယ်ယူမည့် ပစ္စည်းများ အချိန်မီမရောက်ရှိခြင်း၊ JICA ချေးငွေဖြင့်ဆောင်ရွက်သည့် Consultant ရွေးချယ်ရေးလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ချေးငွေလျော့နည်းရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် JICA Project (TSL) အတွက် ကြွေးမြီရငွေများ ခန့်မှန်းထားသလောက်မရရှိခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေအပြည့်အဝမရယူနိုင်ခဲ့သဖြင့် ချေးငွေများ လျော့နည်းရရှိမှုတို့ကြောင့် ငွေလုံးငွေရင်းသုံးငွေပိုင်းတွင်လည်း လျော့နည်းသုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။

(ဃ) **ကြွေးမြီအသုံးစရိတ်။** ကြွေးမြီအသုံးစရိတ် လျော့နည်းသုံးစွဲခြင်းမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် ချေးငွေများအတွက် အရင်းပေးဆပ်ရာတွင် အမေရိကန်ဒေါ်လာ နိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းသွားခြင်းနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ချေးငွေများအတွက် အရင်းပေးဆပ်ရာတွင် ပထမ(၆)ပတ်အတွင်း စေ့ရောက် Due Date အရ အများဆုံး ပေးချေခဲ့ရခြင်းကြောင့် ဒုတိယ(၆)လပတ် အတွက် သုံးစွဲမှုလျော့နည်းခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် တောင်သူလယ်သမားများသို့ JICA ချေးငွေဖြင့် လယ်ယာသုံးစက်ပစ္စည်းများအတွက် ချေးငွေများစိစစ်ထုတ်ချေးခြင်းကြောင့် လျော့နည်းသုံးစွဲခြင်း ဖြစ်ပါသည်။

**အရအသုံးစာရင်းများနှင့်ပတ်သက်၍ သုံးသပ်ချက်**

၁။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ၊သုံးငွေနှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်းဖြစ်ရာ ဒုတိယ(၆)လပတ် လျာထားချက်တွင် လိုငွေကျပ် ၁,၀၄၄.၁၂၅ ဘီလီယံလျာထားသော်လည်း အကောင်အထည်ဖော်နိုင်မှုတွင်လိုငွေကျပ် ၃၈.၁၁၇ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်–

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ဒုတိယ(၆)လပတ် လျာထားချက် | ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု | | ပိုမို(+)/ လျော့နည်း(-) |
|---|---|---|---|---|---|
| (က) | ရငွေ | **၃,၅၈၄.၃၁၆** | **၃,၈၁၀.၇၆၄** | (+) | **၂၂၆.၄၄၈** |
| | သာမန် | ၃,၁၂၀.၆၁၀ | ၃,၆၈၉.၄၅၀ | (+) | ၅၆၈.၈၄၀ |
| | ငွေလုံးငွေရင်း | ၁၉.၂၇၀ | ၁၈.၃၇၇ | (-) | ၀.၈၉၃ |
| | ကြွေးမြီ | ၄၄၄.၄၃၆ | ၂၀၂.၉၃၇ | (-) | ၂၄၁.၄၉၉ |
| (ခ) | သုံးငွေ | **၄,၆၂၈.၄၄၁** | **၃,၉၄၈.၈၈၁** | (-) | **၆၇၉.၅၆၀** |
| | သာမန် | ၃,၆၁၇.၂၄၁ | ၃,၂၄၅.၉၂၆ | (-) | ၃၇၁.၃၁၅ |
| | ငွေလုံးငွေရင်း | ၇၀၀.၀၈၅ | ၄၄၅.၇၂၁ | (-) | ၂၅၄.၃၆၄ |
| | ကြွေးမြီ | ၃၁၁.၁၁၅ | ၂၅၇.၂၃၄ | (-) | ၅၃.၈၈၁ |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | **(-)၁,၀၄၄.၁၂၅** | **(-)၃၈.၁၁၇** | **(+)** | **၁,၀၀၆.၀၀၈** |

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ရငွေ၊သုံးငွေများအပေါ် အောက်ပါအတိုင်း သုံးသပ်တွေ့ရှိရပါသည်-

(က) ရငွေပိုင်းတွင်သာမန်ရငွေရရှိမှု ၁၁၈.၂၃ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရရှိမှု ၉၅.၃၇ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၄၅.၆၆ ရာခိုင်နှုန်းဖြစ်၍ စုစုပေါင်းရငွေရရှိမှု ၁၀၉.၁၁ ရာခိုင်နှုန်းဖြစ်ပါသည်။ရငွေပိုင်းတွင် လျာထားချက်ထက် ကျော်လွန်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၉.၇၃ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၆၃.၆၇ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၈၂.၆၈ ရာခိုင်နှုန်းဖြစ်၍ စုစုပေါင်းသုံးငွေ အကောင်အထည်ဖော်နိုင်မှု ၈၅.၃၂ ရာခိုင်နှုန်းဖြစ်ပါသည်။

(ဂ) ဒုတိယ(၆)လပတ် လျာထားချက်တွင် လိုငွေ ကျပ် ၁,၀၄၄.၁၂၅ ဘီလီယံ လျာထားသော်လည်းအကောင်အထည်ဖော်နိုင်မှုတွင် လိုငွေကျပ် ၃၈.၁၁၇ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိ ရပါသည်။

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၀၂,၉၀၀.၅၀၂ | ၂၁၇,၀၅၁.၀၁၆ | -၁၄,၁၅၀.၅၁၄ | ၁၉၈,၄၂၅.၅၁၆ | ၂၀၀,၁၂၂.၄၈၆ | -၂,၆၉၆.၉၇၀ | ၉၇.၇၉% | ၉၂.၆၆% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄၄၇,၁၈၂.၄၅၃ | ၄၂၁,၁၉၇.၁၈၉ | +၂၅,၉၈၅.၂၆၄ | ၄၄၃,၂၈၃.၈၅၂ | ၄၂၉,၁၉၂.၈၃၀ | +၁၄,၀၉၁.၀၂၂ | ၉၉.၁၃% | ၁၀၁.၉၀% |
| | | ၁။ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၁၈,၆၁၇.၈၉၇ | ၂၉၆,၈၄၆.၅၀၆ | +၂၁,၇၇၁.၃၉၁ | ၃၃၃,၀၆၈.၅၅၄ | ၃၀၉,၇၂၄.၃၈၀ | +၂၃,၃၄၄.၁၇၄ | ၁၀၄.၅၄% | ၁၀၄.၃၄% |
| | | ၂။မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၂၈,၅၆၄.၅၅၆ | ၁၂၄,၃၅၀.၆၈၃ | +၄,၂၁၃.၈၇၃ | ၁၁၀,၂၁၅.၂၉၈ | ၁၁၉,၄၆၈.၄၅၀ | -၉,၂၅၃.၁၅၂ | ၈၅.၇၃% | ၉၆.၀၇% |
| | | စုစုပေါင်း | ၆၅၀,၀၈၂.၉၅၅ | ၆၃၈,၂၄၈.၂၀၅ | +၁၁,၈၃၄.၇၅၀ | ၆၄၁,၇၀၉.၃၆၈ | ၆၃၀,၃၁၅.၃၁၆ | +၁၁,၃၉၄.၀၅၂ | ၉၈.၇၁% | ၉၈.၇၆% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၃၀,၃၈၁.၁၅၇ | ၁၂၂,၇၆၅.၉၂၁ | +၇,၆၁၅.၂၃၆ | ၁၃၆,၄၂၉.၇၂၃ | ၁၁၉,၂၉၂.၇၉၁ | +၁၇,၁၃၆.၉၃၂ | ၁၀၄.၆၄% | ၉၇.၁၇% |
| ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄၂၉,၃၅၂.၅၈၅ | ၃၇၁,၈၂၉.၉၁၁ | +၅၇,၅၂၂.၆၇၄ | ၄၄၁,၅၁၁.၇၅၇ | ၃၉၄,၁၃၂.၂၀၆ | +၄၇,၃၇၉.၅၅၁ | ၁၀၂.၈၃% | ၁၀၆.၀၀% |
| | ၁။ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၀၇,၅၁၁.၀၁၅ | ၂၆၁,၇၀၉.၇၂၃ | +၄၅,၈၀၁.၂၉၂ | ၃၃၁,၅၃၀.၀၆၃ | ၂၈၂,၇၇၆.၀၅၉ | +၄၈,၇၅၄.၀၀၄ | ၁၀၇.၈၁% | ၁၀၈.၀၅% |
| | ၂။မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၂၁,၈၄၁.၅၇၀ | ၁၁၀,၁၂၀.၁၈၈ | +၁၁,၇၂၁.၃၈၂ | ၁၀၉,၉၈၁.၆၉၄ | ၁၁၁,၃၅၆.၁၄၇ | -၁,၃၇၄.၄၅၃ | ၉၀.၂၇% | ၁၀၁.၁၂% |
| | စုစုပေါင်း | ၅၅၉,၇၃၃.၇၄၂ | ၄၉၄,၅၉၅.၈၃၂ | +၆၅,၁၃၇.၉၁၀ | ၅၇၇,၉၄၁.၄၈၀ | ၅၁၃,၄၂၄.၉၉၇ | +၆၄,၅၁၆.၄၈၃ | ၁၀၃.၂၅% | ၁၀၃.၈၁% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆,၂၄၃.၄၈၂ | ၉၀,၀၄၇.၁၆၉ | -၈၃,၈၀၃.၆၈၇ | ၃,၇၉၄.၄၀၀ | ၇၅,၁၀၃.၃၃၁ | -၇၁,၃၀၈.၉၃၁ | ၆၀.၇၇% | ၈၃.၄၀% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | | ၄၉,၃၆၇.၂၇၈ | -၄၉,၃၆၇.၂၇၈ | | ၃၅,၀၆၀.၆၂၄ | -၃၅,၀၆၀.၆၂၄ | | ၇၁.၀၂% |
| | | ၁။ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | | ၃၅,၁၃၆.၇၈၃ | -၃၅,၁၃၆.၇၈၃ | | ၂၆,၉၄၈.၃၂၂ | -၂၆,၉၄၈.၃၂၂ | | ၇၆.၇၀% |
| | | ၂။မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | | ၁၄,၂၃၀.၄၉၅ | -၁၄,၂၃၀.၄၉၅ | | ၈,၁၁၂.၃၀၃ | -၈,၁၁၂.၃၀၃ | | ၅၇.၀၁% |
| | | စုစုပေါင်း | ၆,၂၄၃.၄၈၂ | ၁၃၉,၄၁၄.၄၄၇ | -၁၃၃,၁၇၀.၉၆၅ | ၃,၇၉၄.၄၀၀ | ၁၁၀,၁၆၃.၉၅၅ | -၁၀၆,၃၆၉.၅၅၅ | ၆၀.၇၇% | ၇၉.၀၂% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၆,၂၇၅.၈၆၃ | ၄,၂၃၇.၉၂၆ | +၆၂,၀၃၇.၉၃၇ | ၅၈,၂၀၀.၃၉၃ | ၆,၇၂၆.၃၆၄ | +၅၁,၄၇၅.၀၂၉ | ၈၇.၈၂% | ၁၅၈.၇၂% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၁၇,၈၂၉.၈၆၈ | | +၁၇,၈၂၉.၈၆၈ | ၁,၇၇၂.၀၉၅ | | +၁,၇၇၂.၀၉၅ | ၉.၉၄% | |
| | | ၁။ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၁,၁၀၆.၈၈၂ | | +၁၁,၁၀၆.၈၈၂ | ၁,၅၃၈.၄၉၁ | | +၁,၅၃၈.၄၉၁ | ၁၃.၈၅% | |
| | | ၂။မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၆,၇၂၂.၉၈၆ | | +၆၇၂၂.၉၈၆ | ၂၃၃.၆၀၄ | | +၂၃၃.၆၀၄ | ၃.၄၇% | |
| | | စုစုပေါင်း | ၈၄,၁၀၅.၇၃၁ | ၄,၂၃၇.၉၂၆ | +၇၉,၈၆၇.၈၀၅ | ၅၉,၉၇၃.၄၈၈ | ၆,၇၂၆.၃၆၄ | +၅၃,၂၄၇.၁၂၄ | ၇၁.၃၁% | ၁၅၈.၇၂% |

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် လျာထားချက်ရငွေ၊သုံးငွေအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် သာမန်ရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက်ကျပ် ၅၅၉.၇၃၄ ဘီလီယံအနက်ကျပ် ၅၇၇.၉၄၁ ဘီလီယံရရှိခဲ့ပြီး ၁၀၃.၂၅ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် ဒုတိယ(၆)လပတ်လျာထားချက်ကျပ် ၄၉၄.၅၉၆ ဘီလီယံအနက်ကျပ် ၅၁၃.၄၂၅ ဘီလီယံသုံးစွဲခဲ့၍ ၁၀၃.၈၁ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အောက်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် သင်္ဘောများအခွန်အခ၊ သင်္ဘောဒုံးရမ်းခ၊ မြေငှားရမ်းခနှင့် ကိုယ်စားလှယ်လုပ်ငန်းမှ ဝင်ငွေများရရှိခြင်းကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဓာတ်အားများ ပိုမိုဝယ်ယူရောင်းချခဲ့ရသဖြင့် လျာထားချက်ထက် ပိုမိုရရှိခြင်း ဖြစ်ပါသည်။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ သာမန်အသုံးစရိတ်တွင် ကုန်ကြမ်းဝယ်ယူခြင်းအသုံးစရိတ်၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဓာတ်အားယူနစ်များ ပိုမိုဝယ်ယူခဲ့ရသဖြင့် လျာထားချက်ထက် ပိုမိုသုံးစွဲခဲ့ခြင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် နိုင်ငံတော်သို့ ထည့်ဝင်ငွေများကို ဒုတိယ(၃)လပတ်အတွက်ပါ ပေးချေခဲ့ရသဖြင့် လျာထားချက်ထက် ပိုမိုသုံးစွဲခဲ့ခြင်း ဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ငွေလုံးငွေရင်းရငွေ၊ သုံးငွေတွင် ပြည်ပအကူအညီရငွေနှင့် ကြွေးမြီရငွေများပါ ဆက်စပ်ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် Project for Port EDI အတွက်

ပြည်ပအကူအညီ ရငွေမှာ လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက်သာ ရရှိခြင်းကြောင့် လျာထားချက်ထက်လျော့နည်းခြင်း၊ငွေလုံးငွေရင်းသုံးငွေတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ODA Loan ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ ပြီးစီးမှု ရာခိုင်နှုန်းအလိုက်ပေးချေခြင်း၊ လုပ်ငန်းအချို့မှာဆောင်ရွက်ဆဲဖြစ်ခြင်း၊ မြန်မာ အမျိုးသားလေကြောင်းတွင် နိုင်ငံခြားငွေဖြင့် ဝယ်ယူရသော GROUND SUPPORT EQUIPMENT များ၊ လေယာဉ်အထောက်အကူပြုပစ္စည်းများ ဝယ်ယူနိုင်ခဲ့ခြင်း မရှိသောကြောင့်လျာထားချက်ထက် လျော့နည်းသုံးစွဲခြင်း၊လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းများတွင် Turnkey အပ်နှံဆောင်ရွက်ခဲ့ရခြင်းကြောင့် စာချုပ်ချုပ်ဆိုနိုင်မှု နောက်ကျခြင်းနှင့် စက်ကိရိယာများအား တင်ဒါစိစစ်တွက်ချက် ဝယ်ယူခဲ့သဖြင့် လျော့နည်းသုံးစွဲခဲ့ခြင်းဖြစ်ပါသည်။

(ဂ) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်တွင် ODA Loan မှာတည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအပေါ်တွင် ရရှိခြင်းကြောင့် လျာထားချက်ထက် လျော့နည်းခြင်းဖြစ်ပါသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ချေးယူရငွေဖြင့် ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူရေး စာချုပ်များချုပ်ဆိုနိုင်မှုနောက်ကျခြင်း၊ တင်ဒါစိစစ်ဆဲဖြစ်ခြင်းနှင့် Consultant Firm နှင့် စာချုပ်ချုပ်ဆိုရန်ညှိနှိုင်းဆွေးနွေးဆဲဖြစ်ခြင်းတို့ကြောင့် လျာထားချက်ထက်လျော့နည်းခြင်းဖြစ်ပါသည်။

(ဃ) **ကြွေးမြီအသုံးစရိတ်။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာအမျိုးသားလေကြောင်းတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်းဖြစ်ပါသည်။

# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃၅၄,၄၉၃.၇၅၅ | ၃၄၁,၄၀၅.၉၈၅ | +၁၃,၀၈၇.၇၇၀ | ၄၅၆,၃၁၈.၄၉၂ | ၃၃၀,၁၅၄.၂၈၉ | +၁၂၆,၁၆၄.၂၀၃ | ၁၂၈.၇၂% | ၉၆.၇၀% |
| | စုစုပေါင်း | ၃၅၄,၄၉၃.၇၅၅ | ၃၄၁,၄၀၅.၉၈၅ | +၁၃,၀၈၇.၇၇၀ | ၄၅၆,၃၁၈.၄၉၂ | ၃၃၀,၁၅၄.၂၈၉ | +၁၂၆,၁၆၄.၂၀၃ | ၁၂၈.၇၂% | ၉၆.၇၀% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃၅၄,၄၂၁.၄၈၀ | ၃၄၀,၇၅၃.၉၆၈ | +၁၃,၆၆၇.၅၁၂ | ၄၅၆,၂၉၈.၄၆၇ | ၃၂၉,၀၇၈.၈၅၉ | +၁၂၇,၂၁၉.၆၀၈ | ၁၂၈.၇၄% | ၉၆.၅၇% |
| | စုစုပေါင်း | ၃၅၄,၄၂၁.၄၈၀ | ၃၄၀,၇၅၃.၉၆၈ | +၁၃,၆၆၇.၅၁၂ | ၄၅၆,၂၉၈.၄၆၇ | ၃၂၉,၀၇၈.၈၅၉ | +၁၂၇,၂၁၉.၆၀၈ | ၁၂၈.၇၄% | ၉၆.၅၇% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆+၃) | ၁၀(၇+၄) |
| ၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | | ၆၅၂.၀၁၇ | -၆၅၂.၀၁၇ | | ၁၀၇၅.၄၃၀ | -၁၀၇၅.၄၃၀ | | ၁၆၄.၉၄% |
| | စုစုပေါင်း | | ၆၅၂.၀၁၇ | -၆၅၂.၀၁၇ | | ၁၀၇၅.၄၃၀ | -၁၀၇၅.၄၃၀ | | ၁၆၄.၉၄% |

# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ကြေးမုံစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆+၃) | ၁၀(၇+၄) |
| ၄ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၇၂.၂၇၅ | | +၇၂.၂၇၅ | ၂၀.၀၂၅ | | +၂၀.၀၂၅ | ၂၇.၇၁% | |
| | စုစုပေါင်း | ၇၂.၂၇၅ | | +၇၂.၂၇၅ | ၂၀.၀၂၅ | | +၂၀.၀၂၅ | ၂၇.၇၁% | |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လပတ် လျာထားချက်ရငွေ၊သုံးငွေအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် သာမန်ရငွေ အပိုင်းတွင် ဒုတိယ(၆)လပတ်လျာထားချက်ကျပ် ၃၅၄.၄၂၁ ဘီလီယံအနက်ကျပ် ၄၅၆.၂၉၈ ဘီလီယံ ရရှိခဲ့ပြီး ၁၂၈.၇၄ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် ဒုတိယ (၆) လပတ် လျာထားချက် ကျပ် ၃၄၀.၇၅၄ ဘီလီယံတွင် ကျပ် ၃၂၉.၀၇၉ ဘီလီယံ သုံးစွဲခဲ့၍ ၉၆.၅၇ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေနှင့် ပတ်သက်၍ ထူးခြားမှု အခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ချေးငွေစိုက်ထုတ်ပေးဆပ်သည့်စနစ်ဖြင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေများအပေါ်မှအတိုးရငွေနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေတို့တွင် ပိုမိုရရှိသဖြင့် လျာထားချက်ထက်ပိုမိုခြင်း ဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်းသုံးငွေ။** ငွေလုံးငွေရင်းသုံးငွေတွင် ရန်ကုန်ဘဏ်ခွဲများအား အကြီးစားပြင်ဆင်ခြင်းနှင့် မွမ်းမံခြင်း၊ မော်တော်ယာဉ် အကြီးစားပြင်ဆင်ခြင်းနှင့် အခြားရုံးသုံးပစ္စည်းများဝယ်ယူခြင်းတို့အတွက် ဒုတိယ(၆)လပတ်တွင် ငွေပေးချေရခြင်းတို့ကြောင့် ပိုမိုသုံးစွဲခြင်း ဖြစ်ပါသည်။

(ဂ) **ကြွေးမြီရငွေ။** ကြွေးမြီရငွေတွင် PCU ရုံးခန်းအတွက်လိုအပ်သည့် စက်ပစ္စည်းနှင့် ပရိဘောဂများဝယ်ယူခြင်းအတွက်သာ World Bank မှ ချေးငွေရယူသဖြင့် လျာထားချက်ထက်လျော့နည်းခြင်း ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | | ၉ (၆+၃) | ၁၀(၇+၄) |
| ၁ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၆၅၃.၇၇၉ | ၆၃၇.၂၆၅ | +၁၆.၅၁၄ | ၄၀၂.၃၉၈ | ၆၂၃.၀၁၉ | -၂၂၀.၆၂၁ | ၆၁.၅၅% | ၉၇.၇၆% |
| | စုစုပေါင်း | ၆၅၃.၇၇၉ | ၆၃၇.၂၆၅ | +၁၆.၅၁၄ | ၄၀၂.၃၉၈ | ၆၂၃.၀၁၉ | -၂၂၀.၆၂၁ | ၆၁.၅၅% | ၉၇.၇၆% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၆၅၃.၇၇၉ | ၆၃၇.၂၆၅ | +၁၆.၅၁၄ | ၄၀၂.၃၉၈ | ၅၉၅.၀၁၉ | -၁၉၂.၆၂၁ | ၆၁.၅၅% | ၉၃.၃၇% |
| | စုစုပေါင်း | ၆၅၃.၇၇၉ | ၆၃၇.၂၆၅ | +၁၆.၅၁၄ | ၄၀၂.၃၉၈ | ၅၉၅.၀၁၉ | -၁၉၂.၆၂၁ | ၆၁.၅၅% | ၉၃.၃၇% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | | | | | ၂၈.၀၀၀ | -၂၈.၀၀၀ | | |
| | စုစုပေါင်း | | | | | ၂၈.၀၀၀ | -၂၈.၀၀၀ | | |

# တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏
# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၆၅၃.၇၇၉ သန်း ဖြစ်ပြီး ၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၀၂.၃၉၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း၆၁.၅၅ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၆၃၇.၂၆၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၉၅.၀၁၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၃.၃၇ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** တပ်နယ်များ၏ နယ်နိမိတ်အတွင်းနှင့် တပ်နယ် ဈေးများအတွင်း အခွန်အခများ လျော့နည်းရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** မိမိဘဏ္ဍာရန်ပုံငွေဖြင့် လုံလောက်အောင် သုံးစွဲရပ်တည်ရခြင်း၊ ငွေကြေးဖောင်းပွမှုမရှိစေရေးတို့အတွက် အသုံးစရိတ်များ စိစစ်သုံးစွဲခဲ့ခြင်းကြောင့် လျော့နည်းခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ငွေလုံးငွေရင်းသုံးငွေပိုင်းတွင် လျာထားချက် မရှိသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမှာ ကျပ် ၂၈.၀၀၀ သန်း ဖြစ်ပါသည် ။ ငွေလုံးငွေရင်းသုံးငွေ နှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ပထမ(၆)လပတ်တွင် လျာထားသော်လည်းအထက်ဌာန၏ ခွင့်ပြုချက်မရရှိခဲ့ခြင်းကြောင့် ဒုတိယ(၆)လပတ်မှသာ သုံးစွဲရခြင်းကြောင့်ပိုမိုရခြင်း။

နောက်ဆက်တွဲ(၄)



## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆+၃) | ၁၀(၇+၄) |
| ၁ | နေပြည်တော်ကောင်စီ | ၆၄.၆၀၆ | ၂၅,၉၆၇.၆၅၀ | -၂၅,၉၀၃.၀၄၄ | ၈၄.၇၅၈ | ၃၁,၇၈၇.၅၀၅ | -၃၁,၇၀၂.၇၄၇ | ၁၃၁.၁၉% | ၁၂၂.၄၁% |
| | စုစုပေါင်း | ၆၄.၆၀၆ | ၂၅,၉၆၇.၆၅၀ | -၂၅,၉၀၃.၀၄၄ | ၈၄.၇၅၈ | ၃၁,၇၈၇.၅၀၅ | -၃၁,၇၀၂.၇၄၇ | ၁၃၁.၁၉% | ၁၂၂.၄၁% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်ကောင်စီ | ၆၄.၆၀၆ | ၃၃၆.၈၆၅ | -၂၇၂.၂၅၉ | ၈၄.၇၅၈ | ၈၂၈.၇၇၀ | -၇၄၄.၀၁၂ | ၁၃၁.၁၉% | ၂၄၆.၀၂% |
| | စုစုပေါင်း | ၆၄.၆၀၆ | ၃၃၆.၈၆၅ | -၂၇၂.၂၅၉ | ၈၄.၇၅၈ | ၈၂၈.၇၇၀ | -၇၄၄.၀၁၂ | ၁၃၁.၁၉% | ၂၄၆.၀၂% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်ကောင်စီ | | ၂၅,၆၃၀.၇၈၅ | -၂၅,၆၃၀.၇၈၅ | | ၃၀,၉၅၈.၇၃၅ | -၃၀,၉၅၈.၇၃၅ | | ၁၂၀.၇၉% |
| | စုစုပေါင်း | | ၂၅,၆၃၀.၇၈၅ | -၂၅,၆၃၀.၇၈၅ | | ၃၀၉၅၈.၇၃၅ | -၃၀,၉၅၈.၇၃၅ | | ၁၂၀.၇၉% |

## နေပြည်တော်ကောင်စီ၏
## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၆၄.၆၀၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၈၄.၇၅၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၃၁.၁၉ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၃၃၆.၈၆၅ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၈၂၈.၇၇၀သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂၄၆.၀၂ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** တင်ဒါလျှောက်လွှာပုံစံများ ရောင်းချရခြင်းကြောင့် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေအား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း မြို့နယ်(၈)မြို့နယ် ရှိသည့်အနက် ပြည်ထောင်စုလွှတ်တော်ရုံး၏ အကြောင်းကြားချက်အရ ပထမ(၆)လပတ်တွင် မြို့နယ်(၂)မြို့နယ်သို့ လွှဲပြောင်းပေးခဲ့ပြီး၊ ဒုတိယ(၆)လပတ်တွင် ကျန်ရှိနေသော မြို့နယ်(၆)မြို့နယ်အတွက် လွှဲပြောင်းပေးခဲ့ရသဖြင့် ပိုမိုရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းသုံးငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၂၅,၆၃၀.၇၈၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၀,၉၅၈.၇၃၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၂၀.၇၉ ဖြစ်ပါသည်။ ငွေလုံးငွေရင်းသုံးငွေနှင့် ပတ်သက်၍ ထူးခြားမှု အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးမှုအရ လုပ်ငန်းကုန်ကျငွေများအား ပေးချေခဲ့ရခြင်းကြောင့် ပိုမိုရခြင်း။

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေသုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆+၃) | ၁၀(၇+၄) |
| ၁ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၁၇,၇၁၀.၉၃၀ | ၂၂,၆၃၂.၃၀၁ | -၄,၉၂၁.၃၇၁ | ၁၈,၄၂၉.၆၀၀ | ၂၀,၇၂၁.၇၀၇ | -၂,၂၉၂.၁၀၇ | ၁၀၄.၀၆% | ၉၁.၅၆% |
| | စုစုပေါင်း | ၁၇,၇၁၀.၉၃၀ | ၂၂,၆၃၂.၃၀၁ | -၄,၉၂၁.၃၇၁ | ၁၈,၄၂၉.၆၀၀ | ၂၀,၇၂၁.၇၀၇ | -၂,၂၉၂.၁၀၇ | ၁၀၄.၀၆% | ၉၁.၅၆% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၁၇,၀၆၃.၉၆၃ | ၂၀,၁၂၆.၂၃၄ | -၃,၀၆၂.၂၇၁ | ၁၇,၇၈၉.၁၂၆ | ၁၇,၄၇၆.၆၉၆ | +၃၁၂.၄၃၀ | ၁၀၄.၂၅% | ၈၆.၈၄% |
| | စုစုပေါင်း | ၁၇,၀၆၃.၉၆၃ | ၂၀,၁၂၆.၂၃၄ | -၃,၀၆၂.၂၇၁ | ၁၇,၇၈၉.၁၂၆ | ၁၇,၄၇၆.၆၉၆ | +၃၁၂.၄၃၀ | ၁၀၄.၂၅% | ၈၆.၈၄% |

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလမှ မတ်လအထိ )

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆+၃) | ၁၀(၇+၄) |
| ၃ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၆၄၆.၉၆၇ | ၂,၅၀၆.၀၆၇ | -၁,၈၅၉.၁၀၀ | ၆၄၀.၄၇၄ | ၃၂၄၅.၀၁၁ | -၂၆၀၄.၅၃၇ | ၉၉.၀၀% | ၁၂၉.၄၉% |
| | စုစုပေါင်း | ၆၄၆.၉၆၇ | ၂,၅၀၆.၀၆၇ | -၁,၈၅၉.၁၀၀ | ၆၄၀.၄၇၄ | ၃၂၄၅.၀၁၁ | -၂၆၀၄.၅၃၇ | ၉၉.၀၀% | ၁၂၉.၄၉% |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏
## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၁၇,၀၆၃.၉၆၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၇,၇၈၉.၁၂၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၄.၂၅ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ်၂၀,၁၂၆.၂၃၄ သန်းဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှု ကျပ်၁၇,၄၇၆.၆၉၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၆.၈၄ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ရေပေးဝေခြင်းမှရငွေများ၊ မြေငှားဂရမ်ဝန်ဆောင်ခ၊ ဆက်သွယ်ရေးတာဝါတိုင် မြေနေရာငှားရမ်းခ၊ မြို့တော်ဂေါက်ကွင်း ဝင်ကြေးရငွေ၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခနှင့် ဇမ္ဗူသီရိအထူးကုဆေးရုံ ဝန်ဆောင်ခများ ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ဘီလပ်မြေစက်ရုံ ရပ်နားထားချိန်တွင် စားစရိတ်ထုတ်ပေးမှုမရှိခြင်း၊ ဇမ္ဗူသီရိအထူးကုဆေးရုံတွင် ကုသမှုနှင့် အကူဝန်ထမ်းများ၏အချိန်ပိုဆင်းရသည့်အချိန် လျော့နည်းခြင်း၊ ဝန်ထမ်းများ ပြင်ပသင်တန်း၊ အစည်းအဝေး၊ ဆွေးနွေးပွဲတက်ရောက်ရမှု လျော့နည်းခြင်း၊ ဘီလပ်မြေစက်ရုံ ကုန်ထုတ်လုပ်မှု လျော့နည်းခြင်းကြောင့် သယ်ယူပို့ဆောင်ခများ၊ စက်သုံးဆီဖိုးများ၊ လျှပ်စစ်ဓါတ်အားခနှင့် လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲမှုလျော့နည်းခြင်းနှင့် အုတ်စက်ရုံ၏ ကုန်သွယ်လုပ်ငန်း ခွန်ပေးဆောင်ရမှု မရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၆)လပတ်လျာထားချက် ကျပ် ၆၄၆.၉၆၇ သန်း အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၄၀.၄၇၄သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၉.၀၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ်၂,၅၀၆.၀၆၇ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ်၃,၂၄၅.၀၁၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၂၉.၅၉ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ကတ္တရာပုံးခွံဟောင်းရောင်းချရငွေ နှင့် ရေမီတာရောင်းချရငွေများ လျော့နည်းရရှိခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** တည်ဆောက်ရေးလုပ်ငန်းများ၊စက်ပစ္စည်း ဝယ်ယူခြင်းလုပ်ငန်းများနှင့် Software ရေးဆွဲခြင်းလုပ်ငန်းများအတွက် လုပ်ငန်းကုန်ကျငွေများအား ဒုတိယ(၆)လပတ်အတွင်း ပေးချေခဲ့ရခြင်းကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

၁။ ပြည်ထောင်စုဌာနအဖွဲ့အစည်းအားလုံး၏၂၀၁၇-၂၀၁၈ခု၊ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ရငွေ၊ သုံးငွေအပေါ် အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၉၇.၂၈ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၄၅.၂၉ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၃၁.၅၀ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း ရငွေရရှိမှု ၈၉.၃၀ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်နှင့် အနီးစပ်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းရငွေပိုင်း နှင့် ကြွေးမြီရငွေ ပိုင်းတွင် လျာထားချက်အောက်လျော့နည်းရရှိသည်ကို တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၉.၈၆ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၉၂.၇၂ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၈၅.၀၈ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၉၀.၄၀ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်နှင့် ကြွေးမြီအသုံး စရိတ်ပိုင်းတွင် လျာထားချက်ကို နီးစပ်စွာ သုံးစွဲနိုင်ခဲ့ပြီး ငွေလုံးငွေရင်းအသုံးစရိတ် ပိုင်းတွင် လျာထားချက်နှင့် အနီးစပ်ဆုံး သုံးစွဲထားနိုင်ကြောင်း တွေ့ရှိရပါသည်။

၂။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ရငွေ၊ သုံးငွေများအပေါ် အကောင် အထည်ဖော်ဆောင်ရွက်မှု၌ ရငွေပိုင်းတွင် ငွေလုံးငွေရင်းရငွေများနှင့် ကြွေးမြီရငွေများ လျာထား ချက်ထက် လျော့နည်းရရှိသဖြင့် ပြည်ပအကူညီရငွေများ၊ ချေးယူရငွေများကို ပေးအပ်မည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထားမှုကို ယခုထက် ပိုမိုနီးစပ်အောင် လျာထားဆောင်ရွက်မှသာလျှင် (၃)လပတ်အလိုက်၊ (၆)လပတ် အလိုက် ရငွေ၊ သုံးငွေများကို ပိုမိုနီးစပ်အောင် ခန့်မှန်းနိုင်မည် ဖြစ်ပါသည်။

၃။ သုံးငွေပိုင်း၌ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားသည့်အတိုင်း နီးစပ်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်သော်လည်း သာမန်အသုံးစရိတ်ပိုင်းတွင် အချို့ဝန်ကြီးဌာန များတွင် ဝန်ထမ်းသစ်များ အပြည့်အဝခန့်ထားနိုင်မှုမရှိခြင်း၊ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ပေးချေရန်ကျန်ရှိသော အရင်းပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းတို့ကြောင့် လျာထားချက်ထက် အနည်းငယ်လျော့နည်းသုံးစွဲထားကြောင်း တွေ့ရှိရပါသည်။

၄။ ပြည်ထောင်စုဌာနအဖွဲ့အစည်းအားလုံး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆) လပတ် ရငွေ၊သုံးငွေများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများကို တင်ပြ ရာတွင် ပထမ(၆)လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာ တင်ပြစဉ်က (၅)လအမှန် (၁)လ ခန့်မှန်းစာရင်းဖြင့် တင်ပြထားသောစာရင်းများအား စာရင်းပြန်လည်ကိုက်ညှိတင်ပြအပ်ပါသည်။

၅။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(ဖ)လပတ် အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေအားအောက်ပါအတိုင်း နှိုင်းယှဉ်သုံးသပ် တင်ပြအပ်ပါသည်-

**၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်နှင့်၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်**
**(ဒုတိယ(ဖ) လပတ် ယာယီအမှန်စာရင်းအရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေနှိုင်းယှဉ်ချက်ဇယား)**

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ဒုတိယ (ဖ)လပတ် အကောင်အထည် ဖော်နိုင်မှု | ၂၀၁၇-၂၀၁၈ ဒုတိယ(ဖ)လပတ် အကောင်အထည် ဖော်နိုင်မှု | ပိုမိုရရှိ/သုံးစွဲ (+) လျော့နည်းရရှိ/သုံးစွဲ (-) |
|---|---|---|---|---|
| (က) | **ရငွေ** | **၁၀,၂၈၀,၅၇၈.၃၈၅** | **၁၀,၄၈၄,၆၂၂.၂၇၆** | **(+)၂၀၄,၀၄၃.၈၉၁** |
| | သာမန် | ၉,၅၇၇,၁၄၄.၅၈၃ | ၉,၉၉၃,၅၂၅.၉၇၅ | (+)၄၁၆,၃၈၁.၃၉၂ |
| | ငွေလုံးငွေရင်း | ၁၆၅,၉၅၁.၇၆၀ | ၉၄,၇၅၉.၈၁၃ | (-)၇၁,၁၉၁.၉၄၇ |
| | ကြွေးမြီ | ၅၃၇,၄၈၂.၀၄၂ | ၃၉၆,၃၃၆.၄၈၈ | (-)၁၄၁,၁၄၅.၅၅၄ |
| (ခ) | **သုံးငွေ** | **၁၁,၆၉၁,၄၉၉.၂၅၀** | **၁၂,၀၄၆,၃၄၄.၁၄၉** | **(+)၃၅၄,၈၄၄.၈၉၉** |
| | သာမန် | ၈,၂၂၆,၃၅၀.၅၇၁ | ၈,၅၅၆,၈၄၈.၁၉၈ | (+)၃၃၀,၄၉၇.၆၂၇ |
| | ငွေလုံးငွေရင်း | ၃,၁၈၈,၃၉၅.၈၃၃ | ၃,၀၈၃,၄၉၁.၂၉၇ | (-)၁၀၄,၉၀၄.၅၃၆ |
| | ကြွေးမြီ | ၂၇၆,၇၅၂.၈၄၆ | ၄၀၆,၀၀၄.၆၅၄ | (+)၁၂၉,၂၅၁.၈၀၈ |
| (ဂ) | **ပိုငွေ(+)/လိုငွေ(-)** | **(-)၁,၄၁၀,၉၂၀.၈၆၅** | **(-)၁,၅၆၁,၇၂၁.၈၇၃** | **(-)၁၅၀,၈၀၁.၀၀၈** |

၆။ အထက်ပါဇယားအရ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(ဖ)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းရငွေနှင့် နှိုင်းယှဉ်ပါက ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(ဖ)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းရငွေသည် ကျပ် ၂၀၄,၀၄၃.၈၉၁ သန်း ပိုမိုရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

၇။ စုစုပေါင်းသုံးငွေတွင် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(ဖ)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေနှင့် နှိုင်းယှဉ်ပါက ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(ဖ)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေသည် ကျပ် ၃၅၄,၈၄၄.၈၉၉ သန်း ပိုမိုသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။